www.dhammadownload.com

ပဒေသာ

၁၃၆၉ ခု

အယ်ဒီတိုရီယယ်



www.dhammadownload.com

ပဌာန်းတရား



လက်ဝဲစွဲသော
နှိပ်ယှက်သော
ပညာတန်ခိုး
နှိပ်ယက်ခံ

www.dhammadownload.com

၆၅. မျက်နှာဖုံးပုံ

ဘုန်းတော်ကြီးသော အရှင်ဘုရား များစ့ဉာကုန်သော နတ်တို့သည်၎င်း၊ လူတို့သည်၎င်း၊ စင်ကြယ်စ့ဉာသော နိဗ္ဗာန်ချမ်းသာကို လိုချင် တောင့်တကုန်သည်ဖြစ်၍ စီးပွားချမ်းသာခြင်း၏ အကြောင်းဖြစ်ကုန်သော မင်္ဂလာတရားတော်တို့ကို တဆင့်ခံ နှစ်နှစ်တို့ ကာလပတ်လုံး ကြဉ်ကြကုန်၏။ ကြဉ်ကြကုန်သော်လည်း မသိနိုင်ကုန်၊ ထိုမင်္ဂလာ တရားတော်မြတ်ကို အရှင်ဘုရားသည် ဟောတော်မူပါလော့။

www.dhammadownload.com

၁၉၇၇-ခု၊ စက်တင်ဘာလ

ပထမအကြိမ်

အုပ်ရေ (၁၀၀၀)

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်

စာအမှတ် (၁၀၂၁၂)

ပုံနှိပ်သူ

ဒေါ်တင်ညွှန့် (မြို-၀၂၀၃၆)

ရွှေမန်းသမာဓိပုံနှိပ်တိုက်၊

အမှတ် ၁၇၆၊ ၃၂-လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးတင်လွန်း (၀၇၃၀)

သမာဓိစာပေ ထုတ်ဝေရေး

အမှတ် ၁၇၆၊ ၃၂-လမ်း၊

ရန်ကုန်မြို့။

အဖုံးရိုက်

ရွှေမန်းသမာဓိပုံနှိပ်တိုက်၊

အတိုးနှုန်း ၃/၅၀၊

www.dhammadownload.com

ဘုရားဖြစ်တော်မူကာနီး၌ မာရ်နတ်လာ၍ ဖျက်ဆီးနေပုံ။

ဘုရားအလောင်းတော်သည် သုဇာတာ၏ ယနာနို့ဆွမ်းကို ဘုဉ်းပေးပြီး၍ နေရဥ္ဇရာမြစ်ကမ်း၏ အေးချမ်းသာယာသော အင်ကြင်းဥယျာဉ်၌ နေ့အဘို့တွင် သန့်စင်နေထိုင်တော်မူကာ ညနေချမ်းမှ ဓဝဓိပင်သို့ အကြွတော်မြက်ရိတ်ပုဏ္ဏားထံမှ မြက်ရှစ်ဆုပ်ကို အလှူခံတော်မူပြီးလျှင် ထိုမြက်ပေါ်မှာပင် "ဘုရားမဖြစ်ဆမျှ ဤပလ္လင်ကို မဖျက်တော့အံ့" ဟု ဓိဋ္ဌာန်လျက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူထာ ဖြဟ္မာ, သိကြား, နတ်အာမျှားသည် ထံပါးသို့ ရောက်လာကြလေသည်။

ထို ထိုင်နေပုံကိုမြင်ရ၍ ကန်မှုခွ ဝုဒ္ဓဖြစ်တော့မည်ကို သိသော မာရ်နတ်မင်းသည် ထန်ပြင်းသော ဒေါသဖြင့် နတ်ပြည်သို့ ပြန်သွား၍ စစ်သည်တပ်သား စုဆောင်းကာ မိမိ ကိုယ်တိုင်ကလည်း လက်နက်မျိုးစုံကိုင်လျက် "တက်ကြလော့ စမ်းကြလော့" ဟု ဆော်အောခြိမ်းဒုခ္ခဂက်လေထာ ဝုဒ္ဓမြတ်စွာလောင်းလျှောဘဆည် ရက်စက်ကြမ်းကြုတ်နေဆော သားအပေါ်တွင် မိခင်၏မေတ္တာကဲ့သို့ ဘဝမျှားစွာ အထုပါသော မေတ္တာတော်အစွမ်းဖြင့် အေးချမ်းကြည်ဖြူ၊ အောင်တော်မူလေသည်။

www.dhammadownload.com

မာရ်နတ်လာ၍ ဖျက်ဆေး။။



www.dhammadownload.com

အာဠာဝက နတ်ကိုလူးအား
မေတ္တာဖြင့်ဆုံးမ၍ တရားပြတော်မူပုံ

အာဠဝီမြို့၏ အနီး ကဂါဝုတ်ခန့်ဝေးသော အရပ်၌ ညောင်ပင်ကြီး တပင်ရှိ၏။ ထိုညောင်ပင်၌ အာဠဝက နတ်ဘီလူး၏ ဘုံဗိမာန်ရှိ၏၊ တည်၌သ၌ အာဠဝကသည် ဟိမဝန္တာ နတ်အစည်းအဝေးသို့ သွား၏၊ ထိုအခါနှင်မှာပင် ဗုဒ္ဓမြတ်စွာသည် အာဠဝက နတ်ကြမ်းကို ဆုံးမဘို့ရာ ဗိမာန်တွင်းသို့ ဝင်တော်မူလေရာ ဘုရားကို ကြည့်ရှုနေသော တံခါးစောင့်နတ်သည် "အာဠဝကထံ တိုင်ပါရစေ" ဟု ခွင့်ပန်ကာ အစည်းအဝေးသို့ သွား၍ တိုင်ကြားလေသည်။

ထိုအခါနှင်က ဒေါသကို ချုပ်တည်းထားရသော အာဠဝကသည် အခြားနတ်မင်းတို့ထံမှ မိမိဗိမာန်၌ ဗုဒ္ဓရောက်နေကြောင်းကို ကြားရပြန်သဖြင့် ချက်ခြင်း အစည်းအဝေးမှထွက်၍ ကေလာသတောင်ထွဋ်သို့ ခုန်တက်ကာ "ငါဟာ, အာဠဝကတဲ့" ဟု ကျုံးဝါးလေသည်၊ ထို့နောက် တည်လုံး လက်နက်မျိုးစုံဖြင့် ပစ်ခတ်သော်လည်း ဗုဒ္ဓ၏ မေတ္တာကြောင့် မထိနိုင်မှ အနားသို့ ချဉ်းကပ်လာသော အာဠဝကအား တရားပြ၍ မြေစာ ဆုံးမတော်မူလေသည်။

www.dhammadownload.com



www.dhammadownload.com

အင်္ဂုလိမာလ တောပုန်းစီးဖြတ်ကို
ဗုဒ္ဓဖြတ်စွာ ချွတ်တော်မူပုံ

အင်္ဂုလိမာလ ဆိုသူကား သာဝတ္ထိပြည် ပုရောဟိတ် အမတ်၏သား တက္ကသိုလ်ပညာတော်သင် လုလင်တယောက် ဖြစ်၏။ သူသည် ဉာဏ်ထက်၍ ဝတ်ကျေသူဖြစ်သော ကြောင့် ဆရာကြီးနှင့် ဆရာကတော်ပါ လွန်စွာ အချစ်ခံရသူတည်း။ သို့သော် တခြားကျောင်းသားတို့က ဆရာကြီးအား တိုက်ကြသောကြောင့် ဆရာကတော်နှင့် အထင်မှားခံရရှာလေသည်။ ထို့ကြောင့် သူများသတ်၍ သေစေသို့သော ဆရာကြီးသည် "လူတကောင်သတ်နိုင်မှ ပညာ အကျိုးရမည်" ဟု ပြောဆိုစေခိုင်းလေသည်။

သူသည် သာဝတ္ထိပြည်နယ်မှာ တောပုန်းခိုးမြလန်၍ တောသို့လာသူ လူများကို သတ်ကာ လူတယောက်သုံး လက်တချောင်းကျဖြတ်၍ ပန်းလို ကုံးထားသောကြောင့် "အင်္ဂုလိ + မာလ" ဟု ထင်ရှား၏။ တဆောင်ပြည့်ဘုံ ကယောက်သာ လိုသောနှေ့၌ သားကိုတောင်းပန်ရန် ထုတ်လာသော မိခင်ကိုပင် သတ်စရာမြင်သောကြောင့် တင်ကြို၍ ကြွတော်မူလာသော ဗုဒ္ဓကိုလည်း သတ်ဘို့လိုက်လေသော် ဘန်ခိုးကြောင့် မမှီနိုင်ဘဲ နောက်ဆုံး၌ တထူးနာရှု၍ ရဟန်းပြုရှာလေသည်။

www.dhammadownload.com




www.dhammadownload.com

ဘုရားနင်းဘို့ရန် လွှတ်လိုက်သော နာဠာဂိရိဆင်ကို ဘုရားရှင် ဆုးမတော်မူပုံ။

ဒေဝဒတ်သည် ဘုရားကျောင်းဒကာ ဗိမ္မိသာရမင်း ကွယ်လွန်ပြီး၍ ဘုရားကို သတ်ဘို့ရန် အမျိုးမျိုး ကြံပါသော်လည်း အထမမြောက်နိုင်ဘဲ ရှိမလေးသော် တနေ့သော် အခါဝယ် ဆင်ထိန်းတို့ ဗာထံသို့သွား၍ "မင်းအသိအမှတ် ပြုသော ဆရာတော်များဆိုတာ ရာထူးနှိမ့်နေသူကို ရာထူး တိုးမြင့်အောင် တတ်နိုင်ကြတယ်၊ ဒါ့ကြောင့် ငါစေခိုင်း တာကိုလုပ်ကြ ရှင်ဂေါတမ ဒီလမ်းလာတဲ့အခါ နာဠာဂိရိ ဆင်ပြောင်ကို လွှတ်လိုက်ကြ" ဟု စေခိုင်းလေသည်။

နာဠာဂိရိ ဆင်ကြီးကား အလွန်ကြမ်း၍ လူကို ဆိုးသတ်လေ့ရှိ၏၊ ဗုဒ္ဓမြတ်စွာသည် ရဟန်းတော်များနှင့် အတူ ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံဝင်လာသောအခါ ရာထူး တိုးလိုသော ဆင်ထိန်းတို့သည် ဆင်ကြီးကို ဘုရားဆီသို့ လွှတ်ပေးကြလေသည်၊ ဘုရားရှင်လည်း နင်းမည်ဟု ပြုလာသော ဆင်ကြီးအပေါ်မှာ မေတ္တာဖြန့်လျက် တန့်ရပ် တော်မူနေလေသော် ဆင်ကြီးသည် ဗုဒ္ဓရှေတော်၌ ငြိမ်သက် စွာ ရပ်ကာ အဆုံးအမကို နားစိုက်နေလေသည်။

www.dhammadownload.com



www.dhammadownload.com

ဒီဋ္ဌမင်္ဂလသုတ်ကား မင်္ဂလိကဗျက်မကင်းလေး

ဘုရားကို စွပ်စွဲနေပုံ။

သာဝတ္ထိပြည်၌ စိဉ္စမာဏဝိကာ မည်သော ဝရိပြုင်မ သည် နတ်သမီးလေးပမာ လွန်စွာလှ၏၊ တိတ္ထိတို့ဆယ်ဆူ လာတ်မရသဖြင့် လာဘ်ပေါသော ပုဒ္ဓကို ချိုးနှိမ်ဘို့ရာ စီဥာကို စွပ်စွဲ ဖျက်ဆီးခိုင်းကြလေသည်၊ စိဉ္စာသည် ကြက်သွေး၊ ရောင် ခြုံထည်ကလေးကိုခြုံကာ နေဝင်ခါနီးမှာ ဇေတဝန်ကျောင်းကို သွားဟန်ဆောင်၍ တိတ္ထိတို့ကျောင်းမှ အိပ်ပြီးလျှင် နံနက်စောစော မြို့သို့ဝင်ကာ ဇေတဝန် ကျောင်းမှ ပြန်လာဟန် ဆောင်လေသည်။

ဤနည်းအားဖြင့် ညနေ တရားနာ၍ ပြန်လာသူ နံနက်စောစော ဘုရားဖူးသွားသူတို့အား အထင်မှားစေပြီး လျှင် ၉ လလောက်ကြာသော် သစ်သားဗုံးကို ဗိုက်မှာ ကပ်၍ အဝတ်ဖြင့်ပတ်ကာ ကိုယ်ဝန် ရှိဟန်ဆောင်လျက် ပရိသတ်အလယ်တွင် တရားဟောတော်မူနေသော ဘုရား အား "မိုးနေဆောင် မပြင်ကောင်းလား" ဟု ဆဲဆို စွပ်စွဲ လာသည်ကို နတ်သားတို့ ကြက်ဟန်ဆောင်လျက် ကိုက် ဖြတ်ချမှ ရိုက်ပုတ်၍ နှုတ်ထုတ်လိုက်ကြလေသည်။

www.dhammadownload.com

စဉ့်မောဏဝိကာ ဘုရားကိုစွတ်စွဲနေပုံ။



www.dhammadownload.com


အာယုဝါဒ ပြုပြင်လာသော သစ္စကပရိုဖိုင်ကို ဘုရားမှန် ချွတ်ကော်မှုပ်။

ဝေသာလီပြည်၌ သစ္စက မည်သော ပရိုဗိုဇ်သည် အာယုဝါဒ အမျိုးမျိုးကို နှားလည်၍ မင်းသားတို့အား အတတ်သင် ပေးနေသော ဆရာကြီးတည်း။ သူသည် တိတ္ထိဆရာ အမျိုးမျိုးကို နှိမ်ချိုးခဲ့ပေါင်း များလှပြီဖြစ်၍ ဗုဒ္ဓကိုလည်း နှိမ်ချိုးမည်ဟု ကြံစိနေ၏၊ တနေ့သ၌ အရှင် အာသဇိ ထေရန့်ုင့် တွေ့ရာမှ ဗုဒ္ဓအာယုဝါဒကို သိရသဖြင့် ဗုဒ္ဓန့်ုင့် ဝါဒပြိုင်ဘို့ ထွက်လာလေရာ အရှုံးအနိုင် သိလိုသော လူအပေါင်းများစွာလည်း ပါလာလေသည်။

ဝါဒ စမ်းရာ၌ ရုပ်ခန္ဓာသည် အနတ္တ (စီမံနိုင်သော အတ္တ မရှိ) ဟူသော ဗုဒ္ဓစကားကို "အတ္တ"ဟု ငြင်း၏။ "အတ္တရှိလျှင် ရုပ်ခန္ဓာကို လှုအောင် စီမံပါစေလား"ဟု မိန့်တော်မူရာ မလှုပ်နိုင်၍ ငုတ်တုတ် ပေနေလေသည်၊ ၂-ကြိမ်မေးလည်းမလှုပ်ခေ့။ ထိုအချိန်မှာ သိကြားမင်းက ဘီလူးကြီးယောင်ဆောင်၍ ဝရဇိန် လက်နက်ဖြင့် ခြိမ်းခြောက်နေ၏၊ ထို့ကြောင့် တတိယအကြိမ်၌ "ရုပ်ခန္ဓာသည် အနတ္တဟု ဝန်ခံရလေတော့သည်။

www.dhammadownload.com

သစ္စကပရိဗ္ဗာဇ်ကို ချွတ်တော်မူပုံ။



www.dhammadownload.com

နန္ဒောပနန္ဒ နဂါးမင်းကို

အရှင်မောဂ္ဂလ္လာန် ဆုံးမတော်မူပုံ

နန္ဒောပနန္ဒ နဂါးမင်းသည် နတ်မင်းအလား ကြီးကျယ်ခမ်းနားလှစွာသော စည်းစိမ်ဖြင့် မြင့်မိုရ်တောင်၌ နေ၏၊ လွန်စွာလည်း ဒေါသကြီး၏၊ တနေ့သ၌ ကဗြသည် နဂါးမအပေါင်း ခြံရံကာ စည်းစိမ်ခံစားနေစဉ် ဘုရားရှင်သည် တန်ခိုးကြီး ရဟန်းတော်မျှားနှင့်အတူ နဂါးမင်း၏ အထက်ကောင်းကင်မှ တာဝတိံသာသို့ ကူတော်မူလေသော် နဂါးမင်းသည် ပြင်းထန်စွာ ဒေါသဖြစ်၍ မြင့်မိုရ်တောင်နှင့် တာဝတိံသာကို ရစ်ပတ် အုပ်ဖုံးထားလေသည်။

လမ်းခုလပ်သို့ ရောက်သောအခါ တာဝတိံသာကို မမြင်ရသဖြင့် နဂါးမင်း ဖုံးအုပ်ထားကြောင်းကို သိကြသော ရဟန်းတော်တို့သည် နဂါးကို ဆုံးမရန် ခွင့်တောင်းကြသော်လည်း ခွင့်မရဘဲ အရှင်မောဂ္ဂလ္လာန်တောင်းမှ ခွင့်ရလေသည်၊ အရှင် မောဂ္ဂလ္လာန်သည် နဂါးထက်ကြီးသော ကိုယ်ကိုဖန်ဆင်း၍ နဂါးအထက်က ရစ်ပတ် ဖုံးအုပ်ကာ ဖိချည်ပြုခြင်း စသည်ဖြင့် နှံနာအောင် ဆုံးမပြီးမှ ဘုရားထံ ခေါ်လာ၍ ရတနာ ၃ ပါးကို ကိုးကွယ် စေလေသည်။

www.dhammadownload.com

နန္ဒောပနန္ဒ နဂါးမင်းကိုချုတ်ခဏ်း။




www.dhammadownload.com

မိစ္ဆာအယူရှိနေသော ဗကပြဟ္မာမင်းကို ဘုရားရှင် ချုတ်တေ့မှုပုံ။

ဤကမ္ဘာသည်ခေါ ပြဟ္မာကြီးသည် ပဌမစျာန်ဘုံဖြစ် ပြဟ္မာမင်းဖြစ်သူဟုသည်း၊ သူသည် အထက်၌ ပြဟ္မာဘုံများ ရှိသေးကြောင်း မသိ၍ သူ့ဘုံကိုပင် ထိပ်ဆုံးဟု မှတ်ထင်ကာ သူနှင့်တကွ ဘုံဌာနကိုလည်း "နိစ္စ အမြဲတည်၏"ဟု အယူရှိနေ၏၊ ဣဒ္ဓိသည် ပြဟ္မာပြည်သို့ ကြွတော်မူ၍ ပြဟ္မာပရိသတ်အလယ်၌ သူ့အား ဤဘုံဌာနထက် သာလွန်သော အထက်ဘုံတွေ ရှိသေးကြောင်း၊ ဤဘုံနှင့် ပြဟ္မာတွေပါ မမြဲကြောင်းကို မိန့်တော်မူလေသည်။

ထို့နောက် ဗကပြဟ္မာကိုပင် "သင်၏ဖြစ်ပုံ သင်၏တန်ခိုးကြီးပုံကို ငါသိသည်၊ သင့်ထက် တန်ခိုးကြီးသော အထက်ပြဟ္မာမင်းများရှိသေးသည်"ဟု မိန့်တော်မူရာ သူယူထားသမျှ အမှားချည်း ဖြစ်နေသောကြောင့် တန်ခိုးပြသည့်အနေဖြင့် "ကိုယ်ဖျောက်ပြမည်"ဟု ပြော၍ ကိုယ်ဖျောက်လေ့လျှင် မပျောက်နိုင်ဘဲ ဖြစ်နေသောကြောင့် ဘုရားက ကိုယ်ဖျောက်ပြပြန်ရာ ထိုနေရာမှာပင် ပျောက်သွား၍ ဘုရားဟောတော်မူသည်။

www.dhammadownload.com



www.dhammadownload.com



နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁ - မင်္ဂလသုတ် ပါဠိတော်

၁။ ယံ မင်္ဂလံ ဒ္ဝါဒသဟိ၊ စိန္တယိံသု သ-ဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတိံသဉ္စ မင်္ဂလံ။

၂။ ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပ ဝိနာသနံ။
သဗ္ဗလောက ဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။

၃။ ဧဝံ မေ သုတံ ကေ သမယံ ဘဂဝါ သာဝတ္ထိယံ
ဝိဟရတိ ဇေတဝနေ အ-နာထ ပိဏ္ဍိကဿ အာရာမေ
အထခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ
ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ
ဩဘာသေတွာ။

၄။ ယေန ဘဂဝါ တေနုပသင်္ကမိ ဥပသင်္ကမိတွာ
ဘဂဝန္တံ အဘိဝါဒေတွာ ကေမန္တံ အဋ္ဌာသိ၊
ကေမန္တံ ဌိတာခေါ သာဒေဝတာ ဘဂဝန္တံ
ဂါထာယ အဇ္ဈဘာသိ။

၅။ ဗဟူဒေဝါ မနုဿာစ၊ မင်္ဂလာနိ အစိန္တယုံ၊
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိမင်္ဂလမုတ္တမံ။

www.dhammadownload.com

၆။ အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ၊
ပူဇာစ ပူဇနေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

၇။ ပတိရူပ ဒေသဝါသောစ၊ ပုဗ္ဗေစ ကတပုညတာ၊
အတ္တသမာ ပဏိဓိစ၊ ဧတံ မင်္ဂလ မုတ္တမံ။

၈။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယောစ သုသိက္ခိတော၊
သုဘာသိတာစ ယာဝါစာ၊ ဧတံ မင်္ဂလ မုတ္တမံ။

၉။ မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော၊
အနာကုလာစ ကမ္မန္တာ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၀။ ဒါနဉ္စ ဓမ္မစရိယာစ၊ ဉာတကာနဉ္စ သင်္ဂဟော၊
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၁။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာစ သံယမော၊
အပ္ပမာဒေါစ ဓမ္မေသု၊ ဧတံမင်္ဂလ မုတ္တမံ။

၁၂။ ဂါရဝေါစ နိဝါတောစ၊ သန္တုဋ္ဌိစ ကတညုတာ၊
ကာလေန ဓမ္မသဝနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၃။ ခန္တီစ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ၊
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၄။ တပေါစ ဗြဟ္မစရိယဉ္စ၊ အရိယာသစ္စာန ဒဿနံ၊
နိဗ္ဗာန သစ္ဆိကိရိယာစ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၅။ ဖုဋ္ဌဿ လောကဓ်မ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အ·သောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။

၁၆။ ကောဒိသာနိ ကတ္ဝာန၊ သဗ္ဗတ္ထ မပ္ပရာဇိတာ၊
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလ မုတ္တမံ။

www.dhammadownload.com

မင်္ဂလသုတ်အနက်

၁။ သ-ဒေဝကာ၊ နတ်နှင့်တကွသော လူတို့သည်း၊ ယော် မင်္ဂလံ၊ အကြင်မင်္ဂလာ တရားတော်ကို။ ဒ္ဒါဒိသဟိ၊ တဆယ့် နှစ်နှစ်တို့ ကာလပတ်လုံး။ စိန္တယိံသု၊ ကြံကြကုန်၏။ သောတ္ထာနံ၊ စီးပွားချမ်းသာခြင်း၏ အကြောင်းဖြစ်သော။ အဋ္ဌတိံသဉ္စ၊ သုံးဆယ့်ရှစ်ပါး အပြားရှိသည်လည်း ဖြစ်သော။ တံမင်္ဂလံ၊ ထိုမင်္ဂလာ တရားတော်ကို။ နာဓိဂစ္ဆန္တိ-နာအဓိဂစ္ဆန္တိ ဝေ၊ မသိနိုင်ကုန်သည် သာလျှင်ကတည်း။

၂။ ဒေဝဒေဝေန၊ နတ်တကာတို့ထက် မြတ်သော ဝိသုဒ္ဓိနတ် ဖြစ်တော်မူသော ဘုရားသခင်သည်။ သပ္ပုလောက ဟိတတ္ထာယ၊ အလုံးစုံသော သတ္တလောက၏ အစီးအပွားအလို့ငှါ။ ဒေသိတံ၊ ဟောတော်မူအပ်သော။ သဗ္ဗပါပ ဝိနာသနံ၊ အလုံးစုံသော မကောင်းမှုကို ပယ်ဖျောက်ပေတတ်ထသော။ တံမင်္ဂလံ၊ ထိုမင်္ဂလာ တရားတော်ကို။ ဟေ၊ အို သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ တဏာမ၊ ရွတ်ကြကုန်အံ့။

၃။ ဘဒ္ဒန္တေကဿပ၊ အရှင်မဟာကဿပ။ ဣဒံသုတ္တံ၊ ဤမဟာမင်္ဂလသုတ်တော်ကို၊ မေ-မယာ အာနန္ဒတ္ထေရေန၊ အကျွန်ုပ် အာနန္ဒာမထေရ်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သမ္မုခါ၊ မျက်မှောက်တော်မှ။ ဝေဝံ၊ ဤသို့၊ သုတံ၊ ကြားလိုက်ရ၏။ ဥပလက္ခိတံ၊ မှတ်လိုက်ရ၏။ ဥပဓါရိတံ၊ ဆောင်လိုက်ရ၏။ ဧကံ၊ တပါး။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ဇေ-နာထပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေး၏။ အာရာမေ၊

www.dhammadownload.com

ဒုလုံးမွေ့လျော် ပျော်ဘွယ်ရာဖြစ်သော၊ ဇောတဝန်း၊ ဇောတဝန် ကျောင်းကောင်၌၊ စ်ဟာရတိ၊ နေတော်မူ၏။ အထခေါ၊ ထိုသို့ နေတော်မူသောအခါ၌၊ အညတရာ၊ ဘမျိုးအမည်အား ဖြင့် မထင်ရှားသော၊ ဒေဝတာ၊ နတ်သားသည်၊ အဘိက္ကန္တနာယ၊ ညဉ့်ဦးယာမ်လွန်ပြီးသော၊ ရုတ်တိုယာ၊ သန်းခေါင်အခါ၌၊ အဘိက္ကန္တဝဏ္ဏာ၊ အလွန် ဒုစ်လိုဘွယ်သော အဆင်းရှိသည်ဖြစ်၍။ ကေဝလကပ္ပ်၊ အလုံးစုံသော၊ ဇောတဝန်၊ ဇောတဝန် ကျောင်းတော်ကို၊ ဩဘာသေတ္တာ၊ ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်း စေဦး၍၊

၄၊ ယေန၊ အကြင်အရပ်၌၊ ဘဂဝါ၊ မြတ်စွာဘုရား သခင်သည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန၊ ထိုဘုရားရှိတော် မူရာ အရပ်သို့။ ဥပသင်္ကမိ၊ ကပ်လေ၏။ ဥပသင်္ကမိတ္ဝာ၊ ကပ်လေပြီး၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားသခင်ကို၊ အဘိဝါဒေတ္ဝာ၊ အလွန်ရိုသေစွာ ရှိခိုးဦး၍။ ကေမန္တ်၊ တင့်အပ် လျောက်ပတ်သော အရပ်၌။ အဋ္ဌာသိ၊ ရပ်လေ၏။ ကေမန္တ်၊ တင့်အပ်လျောက်ပတ်သော အရပ်၌။ ဋ္ဌိတာခေါ၊ ရပ်ပြီးသော၊ သာဒေဝတာ၊ ထိုနတ်သားသည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို၊ ဂါထာယ၊ ဂါထာဖြင့်၊ အဒ္ဓဘာသိ၊ ဤသို့ နားတော်လျောက်ပေ၏။

၅။ ဘန္တေဘဂဝါ၊ ဆုန်းထော်ကြီးသော မြတ်စွာ ဘုရား။ ဇဟ္ဂု၊ မျှားစွာကုန်သော၊ ဧဝဝါစ၊ နတ်တို့သည် လည်း၊ကောင်း။ မနုဿာစ၊ လူတို့သည် လည်း၊ကောင်း။ သောတ္ထာနံ၊စင်ကြယ်စွာသော၊နိဗ္ဗာနံ၊နိဗ္ဗာန်ချမ်းသာကို။ အာကင်္ခမာနာ၊ လိုချင် တောင့်တကုန် သည် ဖြစ်၍။

www.dhammadownload.com

မင်္ဂလာနှိ၊ စီးပွားချမ်းသာခြင်း၏ အကြောင်းဖြစ်ကုန်သော မင်္ဂလာတရားတော်တို့ကို။ ဒဋ္ဌဒဿဟိ၊ တဆယ့်နှစ်နှစ်တို့ ကာလပတ်လုံး။ အစိန္တယျ၊ ကြံကြကုန်၏။ စိန္တယ္ဆာပိ၊ ကြံကြကုန်သော်လည်း။ နာဓိဂစ္ဆန္တိ၊ မသိနိုင်ကုန်။ တံ၊ ထို မင်္ဂလာတရားတော်မြတ်ကို။ တ္ဝ၊ အရှင်ဘုရား၊ ဆည်၊ ဗြဂျိဟိ၊ ဟောတော်မူပါလော့။

၆။ ဘောဒေဝပုတ္တာ၊ အို နတ်သား။ ဗာလာနံ၊ သူမိုက်တို့ကို။ ယာ အ-သေဝနာစ၊ အကြင် မမှီဝဲ မဆည်းကပ်ရခြင်းသည်လည်းကောင်း။ ပဏ္ဍိတာနံ၊ ပညာရှိသောသူတို့ကို၊ ယာသေဝနာစ၊ အကြင် မှီဝဲဆည်းကပ်ရခြင်း၊ သည်လည်းကောင်း။ ပူဇာနေယျာနံ၊ ပူဇော်ထိုက်သောသူတို့ကို။ ယာပူဇာစ၊ အကြင် ပူဇော်ရခြင်း သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တံ၊ ဤသုံးပါးသော တရားဆည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တ္ဝံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၇။ ဘောဒေဝပုတ္တာ၊ အိုနတ်သား။ ပတိရူပဒေသဝါသောစ၊ တင့်အပ်လျောက်ပတ်သော အရပ်၌ နေရခြင်းသည်လည်းကောင်း။ ပုဗ္ဗေ၊ ရှေးဘဝ၌။ ကတပုညတာစ၊ မိမိပြုခဲ့ဘူးသော ကောင်းမှုရှိသောသူ၏ အဖြစ်သည်လည်းကောင်း။ အတ္တသမာပဏိဓိစ၊ မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ရခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တံ၊ ဤသုံးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တ္ဝံ၊ သင်နတ်သားသည်၊ ဂဏှာဟိ၊ မှတ်လေလော့။

www.dhammadownload.com

ပဒေသာ

ဆယ်စောင်တဲ့

၈။ ဘောဒေဝပုတ္တာ၊ အို နှတ်သား။ ဗာဟုဿုတ္ဒ၊ အကြားအမြင်များသောသူ၏ အဖြစ်သည်လည်းကောင်း သိပ္ပဉ္ဉ၊ လက်မှုပညာ အစရှိသော အပြစ်မရှိသောအတတ်တို့ကို တတ်ရခြင်းသည် လည်းကောင်း။ သုသိက္ခိတော၊ ကောင်းစွာသင်အပ်သော။ ဝိနယော၀၊ ဝိနည်းတရားသည်လည်းကောင်း။ သုဘာသိတာ၊ ကောင်းစွာဆိုအပ်သော၊ ယာ၀ါစာ၀၊ အကြင်စကားသည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တေ၊ ကျွန်လေးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော၊ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တံ၊ သင်နှတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၉။ ဘောဒေဝပုတ္တာ၊ အို နှတ်သား။ မာတာပိတု၊ အမိအဘတို့ကို။ ဥပဋ္ဌာနဉ္စ၊ လုပ်ကျွေးမွေးမြူရခြင်းသည် လည်းကောင်း။ ပုတ္တာဒါရဿ၊ သား မယား တို့ အား။ သင်္ဂဟော၀၊ သင်္ဂြိုဟ်ထောက်ပံ့ရခြင်းသည်လည်းကောင်း။ အနာကုလာ၊ အနှောင့်အယှက်မရှိကုန်သော။ ကမ္မန္တာ၀၊ အမှုတို့ကို ပြုရခြင်းသည်လည်းကောင်း။အတ္ထိ၊ ရှိ၏။ တေ၊ ကျွန်သုံးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တံ၊ သင်နှတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၀။ ဘောဒေဝပုတ္တာ၊ အို နှတ်သား။ ဒါနဉ္စ၊ အလှူပေးရခြင်းသည် လည်းကောင်း။ ဓမ္မစရိယာ၀၊ မြတ်သောအကျင့်ကို ကျင့်ရခြင်းသည် လည်းကောင်း။ ညာတကာနံ၊ အဆွေအမျိုးတို့အား။ သင်္ဂဟော၀၊ သင်္ဂြိုဟ်ထောက်ပံ့ရခြင်းသည်လည်းကောင်း။အနဝဇ္ဇာနိ၊အပြစ်မရှိကုန်သော ကမ္မာနိ၀၊ အမှုတို့ကို ပြုရခြင်းသည် လည်းကောင်း။ အတ္ထိ၊

www.dhammadownload.com

ရှိ၏။ တေံ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တမ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တ္ဝံ၊ သင်နှတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၁။ ဘောဒေဝပုတ္တာ၊ အို နှတ်သား။ပါပါ၊မကောင်းမှုမှ အာရတီစ၊ ဝေးစွာ ရှောင်ကြဉ်ရခြင်းသည်လည်းကောင်း။ ဝိရတီစ၊ အထူးသဖြင့် ရှောင်ကြဉ်ရခြင်း သည်လည်းကောင်း။မဇ္ဇပါနာ၊သေရည်သေရက်တို့ကိုသောက်ခြင်းမှ သံယမောစ၊ ကောင်းစွာ ရှောင်ကြည်ရခြင်းသည်လည်းကောင်း။ ဓမ္မေသု၊ ကုသိုလ်ကောင်းမှုတို့၌။အပ္ပမာဒေါစ၊ မမေ့မလျော့ရခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တေံ၊ ဤလေးပါးသော တရားသည်လျှင်။ဥတ္တမံ၊မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တ္ဝံ၊ သင်နှတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၂။ ဘောဒေဝပုတ္တာ၊ အို နှတ်သား။ ဂါရဝေါစ၊ ချိုင်းသိုက်သောသူတို့အား ရိုသေရခြင်းသည် လည်းကောင်း။ နိဝါတောစ၊မိမိကိုယ်ကို နှိမ့်ချရခြင်းသည်လည်းကောင်း။ သန္တုဋ္ဌိစ၊ ရောင့်ရဲလွယ်ရခြင်းသည်လည်းကောင်း။ ကတညုတာစ၊ သူပြုခဲ့ဘူးသော ကျေးဇူးကို သိရခြင်းသည် လည်းကောင်း။ ကာလေန၊ သင့်တင့်လျောက်ပတ်သောအခါ၌။ ဓမ္မသဝဏံ၊ သူတော်ကောင်းတရားကို နာရခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တေံ၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တ္ဝံ၊ သင်နှတ်သားသည်။ဂဏှာဟိ၊ မှတ်လေလော့။

www.dhammadownload.com

ပဒေသာ

ဆယ်စောင်တဲ့

၈

၁၃။ ဘောဒေဝပုတ္တာ၊ အို နတ်သား။ ခန္ဓီစ၊ သည်းခံရ ခြင်းသည် လည်းကောင်း။ သောဝစဿတာစ၊ သူတော် ကောင်းတို့ ဆုံးမအပ်သောစကားကို နာလွယ်သောသူ၏ အဖြစ်သည်လည်းကောင်း။ သမထာနံ၊ ရဟန်းပုဏ္ဏား တို့အား၊ ဒဿနဥ္စ၊ ဖူးမြင်ရခြင်းသည်လည်းကောင်း။ ကာလေန၊ သင့်တင့်လျောက်ပတ် သော အခါ၌။ ဓမ္မ သာကစ္ဆာ၊ တရားတော်ကို ဆွေးနွေးမေးမြန်းရခြင်းသည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဇော်၊ ဤလေးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာ မည်၏ဟူ၍။ တုံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၄။ ဘောဒေဝပုတ္တာ၊ အို နတ်သား။ တပေါစ၊ ဆွိုးခြစွာ ကျင့်ရခြင်းသည်လည်းကောင်း။ ပြဟ္မစရိယဉ္စ၊ မြတ်သော အကျင့်ကိုကျင့်ရခြင်းသည်လည်းကောင်း။ အရိယသစ္စာနံ၊ အရိယသစ္စာတို့ကို။ ဒဿနဥ္စ၊ သိမြင်ရခြင်းသည် လည်းကောင်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်မြတ်သောကို။ သစ္ဆိကိရိ ယာစ၊ မျက်မှောက်ပြုရခြင်းသည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဇော်၊ ဤလေးပါးသော တရားသည်လျှင်၊ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တုံ၊ သင် နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

၁၅။ ဘောဒေဝပုတ္တာ၊ အို နတ်သား။ လောကဓမ္မေဟိ၊ လောကဓံတရား ရှစ်ပါးတို့နှင့်။ ဖုဋ္ဌဿ၊ တွေ့ထိသော။ ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ နကမ္မတိ၊ မဘုန်မလှုပ်။ အသောကံ၊ စိုးရိမ်ခြင်းလည်း မရှိ။ ဝိရဇံ၊

www.dhammadownload.com

ရမက်ဟူသော မြူလည်းမရှိ။ ခေမ၊ ဘေးလည်းမရှိ။အတ္ထိ၊ ရှိ၏။ တံ၊ ကျွေးပါးသော တရားသည်လျှင်။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နှတ်သားဆည်၊ ဂဏှာဟိ၊ မှတ်လေလော့။ ၁၆။ ဘောဒေဝဝုတ္တာ၊အို နှတ်သား။တောဒိသာနိ၊ ကျွဲသို့သဘောရှိကုန်သော။ အဋ္ဌတိံသ မင်္ဂလာနိ၊ သုံးဆယ့်ရှစ်ပါးသော မင်္ဂလာတရားတော်တို့ကို။ ကတ္ဝာန၊ ပြုကျင့်ရသောကြောင့်။ သဗ္ဗတ္ထ၊ အလုံးစုံသော အရပ်တို့၌။ အ-ပရာဇိတာ၊ ရန်သူတို့သည် မိမိအား မအောင်အပ်ကုန်သည်ဖြစ်၍။ သဗ္ဗတ္ထ အလုံးစုံသောအရပ်တို့၌။ ဧသာတွံ၊ ချမ်းသာခြင်းသို့။ဂစ္ဆန္တိ၊ ရောက်ကုန်၏။ တံ၊ ထိုသုံးဆယ့်ရှစ်ပါးသော တရားသည်လျှင်။တေသံ၊ ထိုနတ်လူတို့အား။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နှတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

မင်္ဂလသုတ်အနက် ပြီ၏။

.....o.....

မင်္ဂလာတရား သုံးဆယ့်ရှစ်ပါး သရုပ်

"အသေဝနာစ ဗာလာနံ" ဟူသောပုဒ်၌(၃)ပါး

၁။ သူမိုက်တို့ကို မမှီဝဲ မဆည်းကပ်ရခြင်းလည်း တပါး။

၂။ ပဏ္ဍိတရှိသော သူတို့ကို မှီဝဲဆည်းကပ်ရခြင်းလည်း တပါး။

၃။ ပူဇော်ထိုက်သောသူတို့ကို ပူဇော်ရခြင်းလည်းတပါး။

.....o.....

www.dhammadownload.com

ပဒေသာ

၁၀ ဆယ်စောင်တဲ့

"ပတိရူပ ဒေသဝါသော" ဟူသောပုဒ်၌(၃)ပါး

၁။ တင့်အပ်လျောက်ပတ်သော အရပ်၌ နေရခြင်းလည်း တပါး။

၂။ ရွေးရွေးသောကိုယ်၏အဖြစ်၌ ပြုအပ်သော ကောင်းမှုရှိသောသူ၏ အဖြစ်သည်လည်း တပါး။

၃။ မိမိကိုယ်ကို ကောင်းစွာ ဆောက်တည်ရခြင်းလည်း တပါး။

.....o.....

"ဗာဟုသစ္စဉ္စ သိပ္ပဉ္စ" ဟူသောပုဒ်၌ (၄)ပါး

၁။ အကြားအမြင်များသောသူ၏ အဖြစ်သည်လည်း တပါး။

၂။ အပြစ်မရှိသောအတတ်ကို တတ်ရခြင်းလည်း တပါး။

၃။ ကောင်းစွာသင်အပ်သော ဝိနည်းတရားလည်းတပါး။

၄။ ကောင်းစွာဆိုအပ်သော စကားလည်းတပါး။

.....o.....

"မာတာပိတု ဥပဋ္ဌာနံ" ဟူသောပုဒ်၌(၃)ပါး

၁။ အမိအဘတို့ကို လုပ်ကျွေးမွေးမြူရခြင်းလည်း တပါး။

၂။ သားမယားတို့အား သင်္ဂြိဟ် ထောက်ပံ့ရခြင်းလည်း တပါး။

၃။ အနှောက်အယှက်မရှိသော အမှုလည်း တပါး။

.....o.....

www.dhammadownload.com

"ဒါနဥ္စ ဓမ္မစရိယာ" ဟူသောပုဒ်၌ (၄)ပါး

၁။ အလှူပေးရခြင်းလည်း တပါး။
၂။ တရားတော်နှင့်အညီ ကျင့်ရခြင်းလည်းတပါး။
၃။ အဆွေအမျိုးတို့အား သင့်ငိုဟိ ထောက်ပံ့ရခြင်းလည်း တပါး။
၄။ အပြစ်မရှိသော အမှုလည်း တပါး။

.....o.....

"အာရုတီ ဝိရတီ" ဟူသောပုဒ်၌ (၄)ပါး

၁။ မကောင်းမှုမှ ဝေးစွာကြဉ်ရှောင်ရခြင်းလည်း တပါး။
၂။ မကောင်းမှုကို အထူးသဖြင့် ကြဉ်ရှောင်ရခြင်းလည်း တပါး။
၃။ သေအရက်ကိုသောက်ခြင်းမှ ကောင်းစွာကြဉ်ရှောင်ရခြင်းလည်း တပါး။
၄။ ကုသိုလ်တရားတို့၌ မမေ့မလျော့ရခြင်းလည်း တပါး။

.....o.....

"ဂါရဝေါစ နိဝါတောစ" ဟူသောပုဒ်၌ (၅)ပါး

၁။ ရိုသေအပ်သောသူတို့ကို ရိုသေရခြင်းလည်း တပါး။
၂။ မိမိကိုယ်ကို နှိမ့်ချရခြင်းလည်းတပါး။
၃။ ရောင့်ရဲလွယ်ရခြင်းလည်း တပါး။
၄။ သူ့ကျေးဇူးကို သိရခြင်းလည်း တပါး။
၅။ လျောက်ပတ်သောအခါ၌ တရားတော်ကို နာရခြင်းလည်း တပါး။

.....o.....

www.dhammadownload.com

ပဒေသာ

၁၂ ဆယ်စောင်တဲ့

"ခန္ဓိဝ သောဝစဿတာ" ဟူသောပုဒ်၌ (၄)ပါး

၁။ သည်းခံရုံခြင်းလည်း တပါး။

၂။ သူတော်ကောင်းတို့ ဆုံးမရာ လိုက်နာလွယ်ရုံ ခြင်းလည်း တပါး။

၃။ ရဟန်းပုဏ္ဏားတို့အား ပူးမျော်ရခြင်းလည်း တပါး။

၄။ လျောက်ပတ်သောအခါ၌ တရားစကားကို ဆွေးနွေးမေးမြန်းရခြင်းလည်း တပါး။

.....—o.....

"တးပေါဓေ ပြုဟ္မဏိယဒ္ဓ" ဟူသောပုဒ်၌ (၄)ပါး

၁။ ခြိုးခြံစွာ ကျင့်ရခြင်းလည်း တပါး။

၂။ မြတ်သောအာဇာနည်ကို ကျင့်ရခြင်းလည်း တပါး။

၃။ အရိယသံဃာတော်ကို သိမြင်ရခြင်းလည်း တပါး။

၄။ နိဗ္ဗာန်ကို ပွားများပြုရခြင်းလည်း တပါး။

—.....o.....

"ဗဟုဿုတ လောကဓမ္မေဟိ" ဟူသောပုဒ်၌ (၄)ပါး

၁။ လောကဓံတရား၌စပါးတို့နှင့်တွေ့ကြုံခြားသော်လည်း ရဟန္တာပုဂ္ဂိုလ်တို့၏ စိတ်သည် တုန်လှုပ်ခြင်းမရှိသည်းလည်း ငါးပါး။

၂။ စိုးရိမ်ခြင်း ဧဂ္ဂိုဿည်လည်းတပါး

၃။ ရမက်ဟူသော မြူကင်းခြင်းဆည်လည်း တပါး

၄။ ဒေါသမရှိခြင်းလည်းတပါး။

www.dhammadownload.com

မေး။ ယခု အဘယ်စာကို သင်သနည်း။

ဖြေ။ မင်္ဂလသုတ်ကို သင်ပါသည်ဘုရား။

မေး။ မင်္ဂလသုတ်၌ အပြားအဘယ်မျှ ရှိသနည်း။

ဖြေ။ သုံးဆယ့်ရှစ်ပါး အပြားရှိပါသည်ဘုရား။

မေး။ အဘယ်ပါဠိကိုထောက်၍ သိရပါသနည်း။

ဖြေ။ ဧဝံသုတာ ပရိယောသာန နိဂုံး အဆုံးဖြစ်သော တာဒိသာနိ အဒ္ဓတိံ သဉ္ဉမင်္ဂလာနိ ဟူသော ပါဠိကိုထောက်၍ သိရပါသည်ဘုရား။

မေး။ အဘယ်မျှသော ဂါထာဖြင့် ဟောတော်မူပါသနည်း။

ဖြေ။ ဆယ်ဂါထာဖြင့် ဟောတော်မူပါသည်ဘုရား။

မေး။ ဟောတော်မူသော ဂါထာကား အဘယ်ဂါထာပါနည်း။

ဖြေ။ အသေဝနာစ-လည်း ဂါထာ၊ ပတိရူပ-လည်း ဂါထာ၊ ဗာဟုသစ္စ-လည်း ဂါထာ၊ မာတာပိတု-လည်း ဂါထာ၊ ဒါနဉ္စ-လည်း ဂါထာ၊ အာရတိ-လည်း ဂါထာ၊ ဂါရဝေါစ-လည်း ဂါထာ၊ ခန္တီစ-လည်း ဂါထာ၊ တပေါစ-လည်း ဂါထာ၊ ဗုဒ္ဓဿ-လည်း ဂါထာ၊ ဤဆယ်ဂါထာဖြင့် ဟောတော်မူပါသည်ဘုရား။

မေး။ အဘယ်အရပ်မှာ ဟောသနည်း။

ဖြေ။ သာဝတ္ထိပြည်တွင် ဟောတော်မူပါသည် ဘုရား။

မေး။ သာဝတ္ထိပြည်ဟု အဘယ်ကြောင့် တွင်သနည်း။

(ဆိုသနည်းဟုလည်းမေး)

www.dhammadownload.com

ဖြေ။ သပ္ပဓန မေတ္ထ အာတ္ထီတီ - ဟု ပါဠိမှိုဆောကြောင့် ခပ်သိမ်းသော လောကီစည်းစိမ်ချမ်းသာ ရတနာ အပေါင်းတို့သည် လိုရာမတ ပြည့်စုံဆောကြောင့် သာဝတ္ထိပြည်ဟု ခေါ်တွင်ပါသည်ဘုရား။

မေး။ သာဝတ္ထိပြည်တွင် အာဘယ်အရပ်မှာ ဖေဖာထော် မူသနည်း။

ဖြေ။ ဇေတဝန်ကျောင်းတော်၌ ဟောတော်မူပါသည် ဘုရား။

မေး။ ဇေတဝန်ကျောင်းတော်ဟု အာဘယ်ကြောင့် ခေါ်သနည်း။

ဖြေ။ ဇေတမင်းသား၏ ဥယျာဉ်မြေကို ဥအသပြာ အတိခင်းပြီးလျှင် မြေဘိုးပေး၍ ဆောက်သော ကြောင့် ဇေတဝန်ကျောင်းတော်ဟု ခေါ်ပါသည် ဘုရား။

မေး။ အာဘယ်သူဆောက်သနည်း။

ဖြေ။ အနာထပိဏ်သူဌေး ဆောက်ပါသည်ဘုရား။

မေး။ အနာထပိဏ်သူဌေးဟု အာဘယ်ကြောင့် ခေါ်ပါသနည်း။

ဖြေ။ အနာထာနံ ပိဏ္ဍံ ဒဒါတီတိ အနာထပိဏ္ဍိကော- ဟူသော ပါဠိနှင့်အညီ ကိုးကွယ်ရာ မရှိသော သူတို့ကို ထမင်းရစေ ပေးတတ်သောကြောင့်၊ အနာထပိဏ်သူဌေးဟု ခေါ်တွင်ပါသည် ဘုရား။

မေး။ ငယ်မည်ကို အာဘယ်သူခေါ်သနည်း။

ဖြေ။ သုဒတ္တ ခေါ်ပါသည်ဘုရား။

www.dhammadownload.com

မေး။ ဇေတဝန် ကျောင်းတော်သည် သာဝတ္ထိပြည်နှင့် နီးသလော - ဝေးသလော၊ အဆွေ့, အနောက် ထောင့်, မြောက် စသည်တို့တွင် အဘယ်အရပ် မှာနည်း။

ဖြေ။ ဘဂဝါ သာဝတ္ထိယံ သာဝတ္ထိနဂရဿ အဝိဒူရေ ဓနုပဋ္ဌ သတမတ္တေ ဒကွိဏပဒေသေ-ဟူသော သာဓကပါဠိတော်ရှိသောကြောင့် သာဝတ္ထိပြည်၏တောင်အရပ် ဖြစ်သော ကုလလေးတာ အပြန်ငါးရာအရပ်တွင် ဖြစ်ပါသည်ဘုရား။

မေး။ ဇေတဝန်ကျောင်းတော်သည် လေးထောင့်လော စံပယ်ရုံသော၊ ဦးပြည်းလော။

ဖြေ။ တိဘုမ္မိကေသု ဂန္ဓကုဋီသု-ဟူသော သာဓကပါဠိ ရှိသောကြောင့် စုလစ်မွန်ခြုန်တို့ဖြင့် တင့်တယ် ဆန်းကြယ်စွာ တန်းဆာဆင်အစ်၍ ဘုံသုံးဆင့် ရှိသော ဇေတဝန်ကျောင်းတော် ဖြစ်ပါသည် ဘုရား။

မေး။ အဘယ်သူတောင်းပန်၍ ဟောတော်မူသနည်း။

ဖြေ။ အမျိုးအမည်မထင်ရှားသော နတ်သား တောင်း ပန်၍ ဟောတော်မူပါသည်ဘုရား။

မေး။ အဘယ်ကြောင့် မထင်ရှားသော နတ်သားဟု ဆိုပါသနည်း။

ဖြေ။ အထခေါ အညတရာ ဒေဝတာ-ဟူသော ပါဠိကို ထောက်၍ ဆိုဝါသည်ဘုရား။

မေး။ မထင်ရှားသောနတ်သား အဘယ်သူဖြစ်သနည်း။

ဖြေ။ ဣန္ဒသက္က သိကြားဟု ဆိုပါသည်ဘုရား။

www.dhammadownload.com

မေး။ အဘယ်အခါ တောင်းပန်သနည်း။

ဖြေ။ သန်းခေါင်အခါ တောင်းပန်ပါသည်ဘုရား။

မေး။ အဘယ်ကြောင့် သိရသနည်း။

ဖြေ။ အဘိက္ကန္တာဃ ရတ္တိယာ - ဟူသော စကြဉ်ကို ထောက်၍ သိရပါသည်ဘုရား။

မေး။ မထင်ရှားသော နတ်သားကို အဘယ်အကြောင်း ကြောင့် သိကြားဟု ဆိုသနည်း။

ဖြေ။ ဘုရားသခင်၏ ခြေရင်းထောက်၌ ညှဉ်းယာမ်ကား စတုမဟာရာဇ် နတ်တို့သည် ဆည်းကပ်ဖူးမျှော်ပူဇော်မြဲ အချိန်အခါ ဖြစ်ပါသော်၊ သန်းခေါင်ယာမ် အခါ၌ တာဝတိံသာ နတ်သိကြားတို့ ဆည်းကပ်ဖူးမျှော်မြဲ အချိန်အခါ ဖြစ်ပါသည်၊ မိုးသောက်ယာမ်ကား ဗြဟ္မာတို့ ဆည်းကပ်ဖူးမျှော်မြဲ အချိန်အခါ ဖြစ်ပါသည်။ ထိုအချိန်ကာလ သုံးပါးတို့တွင် သန်းခေါင်ယာမ် အချိန်ဖြစ်သောကြောင့် သိကြားဟု ဆိုပါသည်ဘုရား။

မေး။ သိကြား တောင်းပန်ကြောင်း အဘယ်သူ ကြားသနည်း။

ဖြေ။ အရှင်အာနန္ဒာ ကြားပါသည်ဘုရား။

မေး။ အရှင်အာနန္ဒာ ကြားကြောင်းကို အဘယ်ကြောင့် သိရပါသနည်း။

ဖြေ။ အာနန္ဒတ္ထေရေန သုတံ-ဟူသောပါဠိကို ထောက်၍ သိရပါသည်ဘုရား။

မေး။ အရှင်အာနန္ဒာ ကြားသော် အဘယ်သူကို ပြောသနည်း။

ဖြေ။ အရှင်မဟာကဿပမထေရ်ကို ပြောပါသည်ဘုရား

www.dhammadownload.com

၄မေး။ အရှင်မဟာကဿပဟု ဘာအဘယ်ကြောင့် ခေါ်သနည်း။

၄ဖြေ။ ကဿက ကမ္မာဒီသု သံဝေဂံ ပဋိလဘိတ္တာန ပဗ္ဗဇန် တောတိ ကဿပေါ် - ဟူသော ဝိဂ္ဂိုဟ်ပါဒ်နှင့် အညီ လယ်လုပ်ခြင်းအစရှိသော အမှုတို့၌ ထိတ် လန့်ခြင်း တရားကို်ရ၍ ရဟန်း ပြုသောကြောင့် ကဿပ ဟု ခေါ်ပါသည်ဘုရား။

၅မေး။ ငယ်မည်ကို အဘယ်သူ ဆိုသနည်း။

၅ဖြေ။ ရွှေအဆင်းကဲ့သို့ ကိုယ်သားကိုယ်ရောင်၏ တင့် တယ်ခြင်း ရှိသောကြောင့် ဝိပ္ပလိလုလင်ဟု ဆို၏ သည် ဘုရား။

၆မေး။ မင်္ဂလာ သုံးဆယ့်ရှစ်ပါး ဆိုသော် အဘယ်သည် တို့နည်း။

၆ဖြေ။ အသေဝနာစ၊ ပ၊ တေ် မင်္ဂလ မုတ္တမ် ဟူသော ပထမဒေသနာတော်၌ မင်္ဂလာသုံးပါး။ ပတိရူပ၊ ဝ၊ တေ် မင်္ဂလ မုတ္တမ် ဟူသော ဒုတိယဒေသနာ တော်၌ မင်္ဂလာသုံးပါး။ ဗာဟုသစ္စဉ္စ၊ ပ၊ တေ် မင်္ဂလ မုတ္တမ် ဟူသော တတိယဒေသနာထော်၌ မင်္ဂလာ လေးပါး။ မာတာပိတု၊ ပ၊ တေ် မင်္ဂလ မုတ္တမ် ဟူသော စတုတ္ထဒေသနာတော်၌ မင်္ဂလာ သုံးပါး။ ဒါနဉ္စ၊ ပ၊ တေ် မင်္ဂလ မုတ္တမ် ဟူသော ပဉ္စမဒေသနာတော်၌ မင်္ဂလာလေးပါး။ အာရတိ ပ၊ တေ် မင်္ဂလ မုတ္တမ် ဟူသော ဆဋ္ဌမ ဒေသနာ တော်၌ မင်္ဂလာလေးပါး။ ဂါရဝေါစ၊ ပ၊ တေ်

www.dhammadownload.com

မင်္ဂလ မုတ္တာမဲ့ ဟူသော သတ္တမဒေသနာတော်၌ မင်္ဂလာငါးပါး။ ခန္တီစ၊ ပ၊ တေဲ့ မင်္ဂလ ဗုတ္တာမဲ့ ဟူသော အဋ္ဌမဒေသနာတော်၌ မင်္ဂလာလေးပါး။ တပေါစ၊ ပ၊ တေဲ့ မင်္ဂလ မုတ္တာမဲ့ ဟူသော နဝမဒေသနာတော်၌ မင်္ဂလာလေးပါး။ ဖုဋ္ဌသ၊ ပ၊ ဧတဲ့ မင်္ဂလ မုတ္တာမဲ့ ဟူသော ဒသမဒေသနာတော်၌ မင်္ဂလာလေးပါး၊ ဤသို့အားဖြင့် မင်္ဂလာသုံးဆယ် ရှစ်ပါး ရှိပါသည်ဘုရား။

မေး။ အသေဝနာစ အစရှိသော ပထမဒေသနာတော်၌ မင်္ဂလာသုံးပါးဆိုသော် အဘယ်သည်တို့နည်း။

ဖြေ၊ သူမိုက်တို့ကို မမှီဝဲ မဆည်းကပ်ရခြင်းသည်လည်း မင်္ဂလာတပါး၊ ပညာရှိသောသူတို့ကို မှီဝဲ ဆည်းကပ် နှိုးနှောရခြင်းသည်လည်း မင်္ဂလာ တပါး၊ ဘုရားအစရှိသော ရတနာ သုံးပါးတို့အား အရိုအသေ အလေးအမြတ် ပြုရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် အသေဝနာစ အစရှိသော ပထမဒေသနာတော်၌ မင်္ဂလာ သုံးပါး ရှိပါသည်ဘုရား။

မေး။ အသေဝနာစ အစရှိသော ပထမဒေသနာတော်၌ မင်္ဂလာသုံးပါးကို သိရပါပြီ၊ ပတိရူပ ဒေသဝါသောစ အစရှိသော ဒုတိယ ဒေသနာတော်၌ မင်္ဂလာ သုံးပါးဆိုသော် အဘယ်သည်တို့နည်း။

ဖြေ၊ တင့်အပ်လျောက်ပတ်သော အရပ်၌ နေရခြင်းသည်လည်း မင်္ဂလာတပါး၊ ရှေးက ပြုခဲ့ဘူးသော ကောင်းမှုရှိခြင်းသည်လည်း မင်္ဂလာတပါး၊ ဦး

www.dhammadownload.com

ကိုယ်ကို ကောင်းစွာ ထိန်းသိမ်း စောင့်ရှောက်ရ
ခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့်
ပတိရူပ ဒေသဝါသောစ အစရှိသော ဒုတိယ
ဒေသနာတော်၌ မင်္ဂလာသုံးပါး ရှိပါသည်
ဘုရား။

မေး။ ပတိရူပ ဒေသဝါသောစ အစရှိသော ဒုတိယ
ဒေသနာတော်၌ မင်္ဂလာသုံးပါးကို သိရပါပြီ၊
ဗာဟုဿစ္စဉ္စ အစရှိသော တတိယဒေသနာတော်
တွင် မင်္ဂလာ လေးပါးဆိုသော် အဘယ်သည်
တို့နည်း။

ဖြေ။ ကျမ်းဂန်တရား ဘကြားအမြင် များရှုခြင်းသည်
လည်း မင်္ဂလာတပါး၊ အပြစ်ခပ်သိမ်းကင်းသော
နှုတ်မှု အတတ်တို့ကို တတ်ရခြင်းသည်လည်း
မင်္ဂလာတပါး၊ ကောင်းစွာသိအပ်သော ဝိနည်း
တရားတို့ကို သင်ကြားရခြင်းသည်လည်း မင်္ဂလာ
တပါး၊ အင်္ဂါလေးပါးနှင့် ပြည့်စုံသော စကားကို
ပြောဆိုရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့
အားဖြင့် ဗာဟုဿစ္စဉ္စ အစရှိသော တတိယ
ဒေသနာတော်၌ မင်္ဂလာ လေးပါး ရှိပါသည်
ဘုရား။

မေး။ ဗာဟုဿစ္စဉ္စ-အစရှိသောတတိယဒေသနာတော်၌
မင်္ဂလာတရား လေးပါးကို သိရပါပြီ၊ မာတာပိတု
အစရှိသော စတုတ္ထဒေသနာတော်၌ မင်္ဂလာ
ငါးပါးဆိုသော် အဘယ်သည်တို့နည်း။

www.dhammadownload.com

ဖြေ။ ။ အမိအဘတို့ကိုကိုလုပ်ကျွေးမွေးမြူရခြင်းသည်လည်း မင်္ဂလာတပါး၊ သားမယား တို့အား သင်္ဂြိုဟ်ထောက်ပံ့ရခြင်း သည်လည်း မင်္ဂလာတပါး၊ အနှောက်အယှက် မရှိသော လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ အမှုတို့ကို ပြုရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် မာတာပိတု အစရှိသော စတုတ္ထ ဒေသနာတော်၌ မင်္ဂလာတရား သုံးပါး ဖြစ်ပါသည်ဘုရား။

မေး။ ။ မာတာပိတု အစရှိသော စတုတ္ထ ဒေသနာတော်၌ မင်္ဂလာသုံးပါးကို သိရပါပြီ၊ ဒါနဋ္ဌ အစရှိသော ပဉ္စမ ဒေသနာတော်၌ မင်္ဂလာတရား လေးပါး ဆိုသော် အဘယ်သည်တို့နည်း။

ဖြေ။ ။ အလှူပေးရခြင်းသည်လည်း မင်္ဂလာတပါး၊ တရားမြတ်ကို ကျင့်ရခြင်းသည်လည်း မင်္ဂလာတပါး၊ အဆွေအမျိုးတို့အား သင်္ဂြိုဟ် ထောက်ပံ့ရခြင်း သည်လည်း မင်္ဂလာတပါး၊ အပြစ်မရှိသော အကြင် အမှုတို့ကို ပြုရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် ဒါနဋ္ဌ အစရှိသော ပဉ္စမ ဒေသနာတော်၌ မင်္ဂလာတရား လေးပါး ပြီးပါသည်ဘုရား။

မေး။ ။ ဒါနဋ္ဌ အစရှိသော ပဉ္စမဒေသနာတော်၌ မင်္ဂလာတရား လေးပါးကို သိရပါပြီ၊ အာရုတိ အစရှိသော ဆဋ္ဌ ဒေသနာတော်၌ မင်္ဂလာ လေးပါး ဆိုသော် အဘယ်သည်တို့နည်း။

ဖြေ။ ။ မကောင်းမှုကို မပြုမူခြင်း ပေးစွာ ကြဉ်ရှောင်ရခြင်း သည်လည်း၊ မင်္ဂလာတပါး၊ ကိုယ်၏ အသက်ကို

www.dhammadownload.com

ခဲ့ကွက်ခြင်း၊ ကင်းသောစိတ်ဖြင့် ငါသည် မကောင်းမှုကို မပြုပြီ၊ ငါ၏ အသက်သေသော်လည်း သေပါစေ၊ သူ၏အသက်ကို မသတ်မူ၍ သူ့ဥစ္စာကို ခိုးယူခြင်းအစရှိသော အမှုကို မပြုပြီဟု အထူးသဖြင့် ကြွေးကြော်ခြင်း သည်လည်း မင်္ဂလာတပါး။

●မး။ သုရာငါးပါးဆိုသည် အဘယ်သည်တို့နည်း။

●ဖြ။ ပိဋ္ဌသုရာ-မုံ့ညက်ဖြင့်ပြုသော သေး၊ ပူဝသုရာ-မုံ့ဖြင့်ပြုသော သေး၊ သြာနသုရာ - ထမင်းဖြင့်ပြုသော သေး၊ ကိဏ္ဏပက္ခိတ္တသုရာ-တဆေးထည့်၍ပြုသော သေး၊ သမ္ဘာရသံယုတ္တာ-မျိုးစုံသော အဆောက်အဦတို့ဖြင့် ပြုသော သေး၊ ဤသည်ကား သေငါးပါး ဖြစ်ပါသည်ဘုရား။

●မး။ မေရယငါးပါးဆိုသည် အဘယ်သည်တို့နည်း။

●ဖြ။ ပုပ္ပဿဝေါ-အပွင့်အရည်တို့ဖြင့် ပြုသော အရက်၊ ဖလာသဝေါ-သစ်မည်စည်သီး အစရှိသည်တို့ဖြင့် ပြုသော အရက်၊ မဓွါသဝေါ-မုဒရက်သီး အစရှိသည်တို့ဖြင့် ပြုသောအရက်၊ ဂုဠာသဝေါ ကဲ့ရည်တို့ဖြင့် ပြုသောအရက်၊ သမ္ဘာရသံယုတ္တာ-မျိုးစုံသော အဆောက်အဦတို့ဖြင့် ပြုသောအရက်၊ ဤသည်တို့ကား - မေရယငါးပါး ဖြစ်ပါသည်ဘုရား။ ။ ဆိုအပ်ခဲ့ပြီးသော ယစ်မျိုး ငါးပါးကို သောက်စားခြင်းမှ စောင့်ရှောင်ခြင်းသည်လည်း မင်္ဂလာတပါး။ ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန ပတ္တာနုမောဒန

www.dhammadownload.com

ဓမ္မဿဝန၊ဓမ္မဒေသနာ၊ဒိဋ္ဌိဇုကမ္မ-တည်းဟူသော ကုသိုလ်တရား ဆယ်ပါးတို့၌ မမေ့မလျော့ရခြင်း သည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် အာရုတီ အစရှိသော ဆဋ္ဌဒေသနာတော်၌ မင်္ဂလာရား လေးပါး ဖြစ်ပါသည်ဘုရား။

ဧမေး။ အာရုတီ အစရှိသော ဆဋ္ဌဒေသနာတော်၌ မင်္ဂလာတရား လေးပါးကို သိရပါပြီ၊ ဂါရဝဝါစ အစရှိသော သတ္တမ ဒေသနာတော်၌ မင်္ဂလာတရား ငါးပါး ဟူသော်ကား အဘယ်သည်တို့နည်း။

ဧဖြေ၊ ဇာတ်,ဂုဏ်ရှိသောသူတို့အား အရိုအသေအလေး အမြတ် ပြုရခြင်းသည်လည်း မင်္ဂလာတပါး၊ မိမိ ကိုယ်ကို နှိမ့်ချရခြင်းသည်လည်း မင်္ဂလာတပါး၊ ရရသမျှဝတ္ထု ပစ္စည်း အသုံးအဆောင်တို့ဖြင့် ရောင့်ရဲလွယ်ရခြင်း သည်လည်း မင်္ဂလာ တပါး၊ သူတပါးကျေးဇူးကို သိရခြင်းသည်လည်း မင်္ဂလာ တပါး၊ လျောက်ပတ်သော အခါ၌ တရားတော်ကို နာရခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အား ဖြင့် သတ္တမဒေသနာတော်၌ မင်္ဂလာတရားငါးပါး ဖြစ်ပါသည်ဘုရား။

ဧမေး။ သတ္တမ ဒေသနာတော် ဖြစ်သော ဂါရဝဝါစ၌ မင်္ဂလာတရားငါးပါးကို သိရပါပြီ၊ ခန္ဓိစ အစရှိ သော အဋ္ဌမ ဒေသနာတော်၌ မင်္ဂလာတရား လေးပါး ဟူသော်ကား အဘယ်သည်တို့နည်း။

www.dhammadownload.com

ခဖြ။ ကိုယ့်အောက်ယုတ်သော သူတို့ကို သည်းခံရခြင်း သည်လည်း မင်္ဂလာတပါး၊ သူတော်ကောင်းတို့ ဆိုလှယ်သောသူ၏ အဖြစ်သည်လည်း မင်္ဂလာတပါး၊ ရဟန်းပုဏ္ဏားတို့အား ပူးမြင်ရခြင်းသည် လည်း မင်္ဂလာတပါး၊ လျှောက်ပတ်သော တရား စကားကို နှိုးနှော ပြောဆို ဆွေးနွေး မေးမြန်းရ ခြင်းသည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် အဋ္ဌမ ဒေသနာတော်ဖြစ်သော ခန္ဓိစဋ္ဌ မင်္ဂလာ တရား လေးပါး ဖြစ်ပါသည်ဘုရား။

မေး။ အဋ္ဌမ ဒေသနာတော်ဖြစ်သော ခန္ဓိစဋ္ဌ မင်္ဂလာ တရား လေးပါးကို သိရပါပြီ၊ တပေါစ အစရှိသော နဝမ ဒေသနာတော်၌ မင်္ဂလာတရား လေးပါး ဟူသည်ကား အဘယ်သည်တို့နည်း။

ဂဖြ။ ခွိုးခြံစွာ ကျင့်ရခြင်းသည်လည်း မင်္ဂလာတပါး၊ မြတ်သော မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ တည်းဟူသော ဗြဟ္မစိုရ်တရားကို ကျင့်ရခြင်းသည် လည်း မင်္ဂလာတပါး၊ အရိယာသစ္စာ တရားမှန် တို့ကို သိမြင်ရခြင်းသည်လည်း မင်္ဂလာတပါး၊ အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက် ပြုရခြင်း သည်လည်း မင်္ဂလာတပါး၊ ဤသို့အားဖြင့် တပေါစ အစရှိသော နဝမ ဒေသနာတော်၌ မင်္ဂလာတရား လေးပါး ဖြစ်ပါသည်ဘုရား။

ဃမေး။ နဝမ ဒေသနာတော်ဖြစ်သော တပေါစ၌ မင်္ဂလာ တရား လေးပါးကို သိရပါပြီ၊ ဖဋ္ဌသ အစရှိသော

www.dhammadownload.com

ဒဿမ ဒေသနာတော်၌ မင်္ဂလာတရား လေးပါး ဟူသော်ကား အဘယ်သည်တို့နည်း။

ဖြေ။ လာဘော၊ အလာဘော၊ ယသော၊ အယသော နိန္ဒာ၊ ပသံသာ၊ သုခံ၊ ဒုက္ခံ တည်း ဟူသော လောကဓံတရား ရှစ်ပါးတို့နှင့်တွေ့သော ရဟန္တာ ပုဂ္ဂိုလ်တို့၏ စိတ်သည် တုန်လှုပ်ခြင်း မရှိသော အဖြစ်သည်လည်း မင်္ဂလာတပါး၊ ထိုလောကဓံတရား ရှစ်ပါးတို့ကို တွေ့သောအခါ စိုးရိမ်ခြင်း မရှိသည်လည်း မင်္ဂလာတပါး၊ ကိလေသာရမက် ဟူသော အညစ်အကြေးမတင် သန့်ရှင်းစင်သော အဖြစ်သည်လည်း မင်္ဂလာတပါး၊ ကြောက်မက် ခြင်း ကင်းသော အဖြစ်သည်လည်း မင်္ဂလာတပါး ဤသို့အားဖြင့် ဒဿမ ဒေသနာတော်၌ မင်္ဂလာ တရား လေးပါး ဖြစ်ပါသည်ဘုရား။

မေး။ မင်္ဂလာ တုရားဒေတာ်ကို အရှင် အာနန္ဒာမထေရ် သည် အရှင်မဟာကဿပမထေရ်အား ပြောသည် ဆိုသော် အဘယ်အရပ်မှာ ပြောသနည်း။

ဖြေ။ ရာဇဂြိုဟ်ပြည်မှာ ပြောပါသည်ဘုရား။

မေး။ ရာဇဂြိုဟ်ပြည်ဟု အဘယ့်ကြောင့် ခေါ်ပါသနည်း

ဖြေ။ စကြဝဠတေး အစရှိသော ဘုန်းကြီးသော မင်းတို့ သည် သိမ်းယူရာ ဖြစ်သောကြောင့် ရာဇဂြိုဟ်ဟု ခေါ်တွင်ပါသည်ဘုရား။

မေး။ ရာဇဂြိုဟ်ပြည် မြို့တွင်းမှာလော၊ မြို့ပြင်မှာလော အရှေ့-အနောက်-တောင်-မြောက် စသော အရပ် တို့တွင် အဘယ်အရပ်မှာ ပြောသနည်း။

www.dhammadownload.com

မေး။ ရာဇဂြိုဟ်ပြည်မြို့ပြင် မြောက်ဘက်အရပ် ဝေဘာရတောင်ဝှမ်း စရည်းပင်ရောက်သော ကျောက်ဂူလိုဏ်ဝင်၌ နတ်တို့ ဘုံဆောင်ဗိမာန်နှင့် တူသော ရတနာမျိုးတို့ဖြင့် တန်းဆာ ဆင်အပ်သော ချောမောပြေပြစ် အနှံးကြယ်လှစွာသော ရတနာသဘင် မဏ္ဍပ်မှ ဣန္ဒနီလာ, မဿာရဂလ်, မနော မယ အစရှိသော ရတနာမျိုးတို့ဖြင့် စီမံအပ်သော တွဲတွဲဒီးဒီး ချွေချောင်း စီးသကဲ့သို့ လျှံညီးတောက်ပသော ပလ္လင်ထက်၌ အဘိုးအတိုင်းမသိထိုက်သော ခင်းနှီး နေရာပေါ်တွင် ဆင်စွယ်စီသော ယပ်ကို ကိုင်လျက် အရှေ့စူးစူးသို့ မျက်နှာပြု၍ နေတော်မူပြီးလျှင် ပဌမသင်္ဂါယနာကို အမှူးပြုခါ ဆောင်ရွက်တော် မူသော အရှင်မဟာကဿပ ရဟန္တာကြီးက မေးတော်မူလျှင် အရှင်အာနန္ဒာက ဖြေလျှောက်ပါသည်ဘုရား၊ နတ်သားတောင်းပန်၍ ဟောတော် မူသော အခါကုဋေရှစ်သန်းမျှလောက်ကုန်သော နတ်သားတို့သည် ရဟန္တာဖြစ်ကုန်၏ဟု ဆိုပါသည်။ သောတာပန်, သကဒါဂါမ်, အနာဂါမ် ဖြစ်သူ အနန္တဟု ဆိုပါသည် ဘုရား။

မင်္ဂလသုတ် အမေး - အဖြေ ပြီး၏။

.....o.....

www.dhammadownload.com

မင်္ဂလသုတ်၌ အထူးမှတ်ရန် အဓိပ္ပါယ်

မင်္ဂလသုတ်၌ အဓိပ္ပါယ်ကို အထူးမှတ်သားရန် အနည်းငယ်မျှ ထည့်သွင်းလိုက်ပါဦးအံ့။

ဧကမန္တံ အဒ္ဒဝသိ-ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား.... နီးလွန်းသော အရပ်၊ ဝေးလွန်းသော အရပ်၊ လည်ပြီဖြစ်သောအရပ်၊ မြင့်သော အရပ်၊ ရွှေတူရွှဖြစ်သော အရပ်၊ နောက်တူရွှဖြစ်သော အရပ်၊ ဂင်းခြောက်ရပ်မှ လွတ်သော အရပ်ကို ဆိုလိုသည်။

ပတိရူပ ဒေသဝါသော စ - ဟူသောပါဠိ၏ အဓိပ္ပါယ်ကား... ရတနာသုံးပါး ထင်ရှားရှိသော အရပ်၌ နေရခြင်းကို ဆိုလိုသည်၊

အတ္တသမာ ပဏိဓိစ-ဟူသောပါဠိ၏ အဓိပ္ပါယ်ကား.... ဒုစရိုက်ဆယ်ပါးမှ ရှောင်ကြဉ်ရမည် ဆိုလိုသည်။

သုဘာသိတာ စ ယာ ဝါစာ-ဟူသောပါဠိ၏ အဓိပ္ပါယ်ကား.... ပိသုဏဝါစာမှ ကြဉ်၍ ဆိုသော သုဘာသိတာစကား၊ ဖရုသဝါစာမှ ကြဉ်၍ဆိုသော ပိယဝါစာစကား၊ သမ္ဖပ္ပလာပမှ ကြဉ်၍ဆိုသော ဓမ္မစကား၊ မုသာဝါဒမှ ကြဉ်၍ဆိုသော သစ္စာစကား၊ ကျွဲအက်ိုလေးပါးနှင့် ပြည့်စုံသော စကားကို ဆိုလိုသည်၊

ပုတ္တဒါရဿ သင်္ဂဟော - ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား... သရဏာဂုံ ဆောက်တည်၍ ပဉ္စသီလကို ထိန်းစောင့်၍ ကုသိုလ်ကောင်းမှုကို ပြု၍ တရားတော်နှင့် အညီ သားမယား မွေးရမည် ဆိုလိုသည်။

www.dhammadownload.com

ဒါနဥစ္စ ဓမ္မစရိယာ - ဟူသောပါဠိတော်၏ အဓိပ္ပါယ်ကား... ဆမ်း၊ အဖျော်၊ ကျောင်း၊ သင်္ကန်း၊ ယာဉ်၊ ပန်း၊ နံ့သာပြောင်း၊ နံ့သာအိပ်ရာ နေရာ၊ ဆီမီး၊ ၎င်း ဒါန ဝတ္ထု၊ ဆယ်ပါး၊ သူနာတို့၏ အထောက်အပံ့ဖြစ်သော ဆေး၊ ဤဆယ်တပါးကို ဒါနဥပုဒ်၌ သင်းအပ်၏၊ ငါးပါးသီလ စတုပါရိသုဒ္ဓိသီလတို့ကို ဓမ္မစရိယာပုဒ်၌ သင်းအပ်၏ အဌင်္ဂသီလကို အနဝဇ္ဇာနိကမ္မာနိ ဟူသောပုဒ်၌ သင်းအပ်၏။

အာရတီ ဝိရတိ-ပါဠိ၏ အဓိပ္ပါယ်ကား....စိတ်နှလုံးဖြင့် ကြဉ်ခြင်းသည် အာရတီမည်၏၊ ကိုယ်စိတ်နှစ်ပါးဖြင့် ကြဉ်ခြင်းသည် ဝိရတီမည်၏။

မဇ္ဇပါနာ - ဝါဠိ၏ အဓိပ္ပါယ်ကား.... သုရာငါးပါး၊ မေရယငါးပါးကို ကြဉ်ရှောင်ရမည် ဆိုလိုသည်။

သန္ထုဒ္ဒိစ - ဟူသောပါဠိ၏ အဓိပ္ပါယ်ကား.... ကိလေသာတို့ကို ခေါင်းပါးစေခြင်းငှါ လောဘအာရုံသို့ မလိုက်မှု၍ ရရှိသမျှသော ပစ္စည်းတို့ဖြင့် ရောင့်ရဲ၍ သုံးဆောင်ရမည် ဆိုလိုသည်။

ကာလေန ဓမ္မသဝနံ - ဟူသောပါဠိ၏ အဓိပ္ပါယ်ကား ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်၊ ဤမိစ္ဆာဝိတက် မစင်လာသော အခါသည် တရားတော်ကို နာခြင်းငှါ လျှောက်ပတ်သောအခါ မည်၏။

သောဝစဿတာ - ဟူသောပါဠိ၏ အဓိပ္ပါယ်ကား.... သားတော် ရာဟုလာကို သြဝါဒ ပေးတော်မူသောအခါ တခွန်းတည်းသော စကားဖြင့် နာယူလွယ်သကဲ့သို့

www.dhammadownload.com

သူတော်ကောင်းတို့ ဆုံးမစကားကို ဂရုနှံးထည်းဖြင့် နားထောင် နာယူလွယ်ရမည်ဟု ဆိုလိုသည်။

ဃမဏာနဒ္ဒ ဒဿနံ - ဟူသောပါဠိ၏ အဓိပ္ပါယ်ကား သီလဝန္တပုထုဇ္ဇန် ပုဂ္ဂိုလ်နှင့်တကွ သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့အား ဖူးမြင်ရမည် ဆိုလိုသည်။

တပေါစ - ဟူသောပါဠိ၏ အဓိပ္ပါယ်ကား....ဝိရိယကို ဖြစ်စေ၍ ကုန်ဆုံးယသံဝရ သီလကို လုံခြုံအောင် ထိန်းသိမ်းရမည် ဆိုလိုသည်။

ဗြဟ္မစရိယဒ္ဒ-ဟူသောပါဠိ၏ အဓိပ္ပါယ်ကား__မေထုန် (၇)ပါးမှ ရှောင်ကြဉ်ရမည် ဆိုလိုသည်။

ဇာရိယသစ္စာန ဒဿနံ - ဟူသောပါဠိ၏ အဓိပ္ပါယ်ကား.... သစ္စာလေးပါးကို မဂ်ဉာဏ်ဖြင့် မြင်ရမည် ဆိုလိုသည်။

နိဗ္ဗာန သစ္ဆိကိရိယာစ - ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား.... အရဟာတ္တဖိုလ်သို့ ရောက်ခြင်း ဆင်ခြင်ခြင်းကို ဆိုလိုသည်။

လောကစမ္မေပိ - ဟူသော ပါဠိ၏ အဓိပ္ပါယ်ကား.... လာဘ်ရခြင်း၊ လာဘ်မရခြင်း၊ အခြံအရုံရှိခြင်း၊ အခြံအရုံမရှိခြင်း၊ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်း၊ ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ ဤလောကဓံတရား ရှစ်ပါးကို ဆိုလိုသည်။

မင်္ဂလသုတ်၌ အထူးမှတ်ရန် ၊ဇဓိပ္ပါယ် ပြီး၏။

.....o.....

www.dhammadownload.com

မင်္ဂလာသုံးပေါက်

၁။ ကောဇွာဟလ၊ ကြံကုန်ကြ၊ ဒေဝမနုဿာ။
၂။ သင်္ကသိကြား၊ တောင်းပန်ငြား၊ ဟောထား ဒေသနာ
၃။ အသေဝနာစ၊ ဗာလာန၊ ရှောင်ကြဝေးဝေးခွါ။
၄။ ပဏ္ဍိတာနုဥ္ဇ၊ သေဝန၊ ပေါင်းကြမှီဝဲရာ။
၅။ ပူဇနီယံ၊ ပူဇာစ၊ ပြုအပ်လှသည်သာ။
၆။ ပတိရူပ၊ တင့်အပ်လှ၊ ဒေသအရပ်မှာ။
၇။ ပုဗ္ဗေကတ၊ လ္ဟဒါန၊ ရှေးကပြုသော်သာ။
၈။ ကိုယ်ကိုစောင်မ၊ ဆောက်တည်က၊ လောကြနိုင်ငှ၊ တာ
၉။ အကြားအမြင်၊ များမြောက်ပင်၊ ကြည့်လင် အား
ထုတ်ပါ။
၁၀။ အပြစ်မရှိ၊ ကင်းလွတ်ဘိ၊ ကဝိမှတ်ကုန်ရာ။
၁၁။ ဝိနယောစ၊ သိကွံတ၊ သင်ကြမျိုးလေဖြာ။
၁၂။ သုဘာသိတ၊ ယာဝါစ၊ ကောင်းလှဆိုအပ်စွာ။
၁၃။ မာတာပိတ၊ မိန့်ဘ၊ နိစ္စလုပ်ကျွေးပါ။
၁၄။ မယားသားအား၊ သင်္ဂြိဟ်ငြား၊ တပါးမင်္ဂလာ၊
၁၅။ အနာကုလ၊ ကမ္မန္တ၊ ပြုကြမှုကိစ္စာ။
၁၆။ အလ္လဟါန၊ ပေးဝေငှ၊ ထက်လှစေတနာ။
၁၇။ အကျင့်မမှု၊ ကောင်းမြတ်လှ၊ မဋ္ဌသူတော်စွာ။
၁၈။ ဉာတကာနုဥ္ဇ သင်္ဂဟ၊ မစသင်္ဂြိဟ်ပါ။
၁၉။ အနဝဇ္ဇ၊ ပြစ်မရ၊ ပြုကြအပ်သည်သာ။
၂၀။ အာရတီစ၊ အမမှု၊ နှဲညကြဉ်ကုန်ပါ။
၂၁။ ဝိရတီစ၊ ထူးထွေလှ၊ ကြဉ်ကြမှုပါဝါ။
၂၂။ မဇ္ဇပါန၊ ယစ်မျိုးစ၊ ရှောင်ကြလူတကာ၊
၂၃။ ကုသိုလ်ဓမ္မ၊ အားထုတ်ကြ၊ နှဲညမမေ့ရာ၊
၂၄။ ဂါရဝေါစ၊ ရိုတုပ်ကွ၊ မြတ်လှဓမ္မတာ၊

www.dhammadownload.com

၂၅။ နီဝါတောစ၊ ကိုယ်နှိမ့်ချ၊ မာန်ဖောင်ရာ။
၂၆။ သန္တုဋ္ဌိစ၊ ရောင့်ရဲကြ၊ နိစ္စအာလုယ်သာ။
၂၇။ သူ၏ကျေးဇူး၊ မထိမ်မြူး၊ ကြည်နူးသိကုန်ပါ။
၂၈။ လျောက်ပတ်ကာလ၊ မြတ်ဓမ္မ၊ နာကြအပ်သည်သာ
၂၉။ ဆည်းခံနှလုံး၊ သူတော်ထုံး၊ ရွှင်ပြုံးကျင့်အပ်စ္ခ၊
၃၀။ ကောင်းသည်စကား၊ ဆိုတတ်ငြား၊ အမျှားကြည့်
မေတ္တာ။
၃၁။ မကောင်မှု အား၊ ဝေးစွာရှား၊ လားလား ကြည့်
ကုန်ပါ။
၃၂။ ရဟန်းသူမြတ်၊ ဖူးမြင်အပ်၊ ယွင်းခွတ် မဒို့ရာ။
၃၃။ သုံးခါတလ၊ မြတ်ဓမ္မ၊ နေ့ညဆွေးနွေးရာ။
၃၄။ ဆွေးခြံကျင့်ဝတ်၊ သူတော်မြတ်၊ မပြတ်အရိယာ။
၃၅။ ဖြဟ္မစရိယ၊ ပြုစင်လျှ၊ ကျင့်ကြပဏ္ဍိတာ။
၃၆။ အရိယသစ္စာ၊ ဒဿန၊ သိကြမျိုးလေးဖြာ။
၃၇။ နိဗ္ဗာန်မျက်မှောက်၊ ပြုကုန်မြောက်၊ ထွန်းတောက်
မင်္ဂလာ။
၃၈။ လောကဓံတရား၊ တွေ့ကြုံငြား၊ လှုပ်ရှားမရှိရာ။
၃၉။ စိုးရိမ်သောက၊ စိတ်မခွ၊ ကင်းကြလွတ်သည်သာ။
၄၀။ ကိလေသာမျိုး၊ နှောင်ဖွဲ့ကြိုး၊ ဖြတ်ချိုးရှင်းရှင်းကွာ။
၄၁။ အဋ္ဌင်္ဂိက၊ ဗာဟိရ၊ ဘေးမှလွတ်သည်သာ။
၄၂။ သုံးဆယ့်ရှစ်ပါး၊ ဤတရား၊ အမျှားမှတ်ကုန်ပါ။
၄၃။ ကျက်ရှုအရ၊ ဆောင်လေက၊ ကြီးလှမင်္ဂလာ။
၄၄။ ကြက်သရေမျိုး၊ နွေတိုင်းတိုး၊ ဟိုးဟိုးကျော်မည်သာ

မင်္ဂလာဆောပေါက် ပြီး၏။

.....o.....

www.dhammadownload.com

၂-အပြင်အောင်ခြင်းရှစ်ပါးပါဠိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁။ ဝဟုသဟာယ မဘိနိမ္မိဘ သာဝုဓန္တ၊
ဂိရိမေခလံ ဥဒိတယောဂံ သသေ နမာဂံ။
ဒါနာဒိ ဓမ္မဝိဓိနာ ဇိတာ! မုနိန္ဒော
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလံ။

၂။ မာရာ တိရေက မဘိယုဇ္ဈိဘာ သဗ္ဗရတ္တိံ၊
ယောရံ ပနာဥဝက မက္ခထ ထဒ္ဓ ယက္ခံ။
ခန္တီ သုဒန္တ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလံ။

၃။ နာဠာဂိရိံ ဂဇ ဝရံ အတိမဒ္ဒဘူတံ၊
ဒါဝဂ္ဂိ စက္က မသနိဝ သုဒါရုဏန္တံ။
မေတ္တာမ္ဗု သေက ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလံ။

၄။ ဥက္ခိတ္တ ခဂ္ဂ မတိဟတ္ထ သုဒါရုဏန္တံ၊
ဓါဝံ တိယောဇန ပထင်္ဂုလိမာလ ဝန္တ။
ဣဒ္ဓီ ဘိသင်္ခတ မနော ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလံ။

၅။ ကတ္ဝာန ကဋ္ဌ မုဒရံ ဣဝ ဂဗ္ဘိနိယံ၊
စိဉ္စာယ ဒုဋ္ဌ ဝစနံ ဇန ကာယ မဇ္ဈေ။
သန္တေန သောမ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလံ။

www.dhammadownload.com

၆။ သစ္စံဝိဟာယ အာတံ သစ္စက ဝါ၊ေကတုံ၊
ဝါဒါ ဘီရောပ်တ မနံ အတိ အန္ဒ ဘူတံ။
ပညာ ပဒီပ ဇလိတော ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလံ။

၇။ နန္ဒောပနန္ဒ ဘုဇင် ဝိဝ်ဓ မဟိဒ္ဓိ၊
ပုတ္တေန ထေရ ဘုဇင်ေန မုနာဝယန္တော။
ဣဒ္ဓါ။ ပဒေသ ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတ မေ ဇယ မင်္ဂလံ။

၈။ ဒဋ္ဌါဟာ ဒိဋ္ဌိ ဘုဇင်ေန သု ဒဋ္ဌ ဟတ္ထံ၊
ဖြဟ်ံ သုတံ ဇုတိ မဟိဒ္ဓိ ဝကာဘိဓါနံ။
ဉာဏာ ဂဒေန ဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတု မေ ဇယ မင်္ဂလံ။

.....o.....

အပြင်အောင်ခြင်းဂျစ်ပါး အနက်

၁။ ယောမုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်၊ လိရိ
ေမခလံ၊ဂိရိမေခလာအာမည်ရှိသောဆင်ကို၊ဥဒိတံ၊တက်စီး
ထားသော၊အာဘိနိမ္မိတသာဝုဓန်ဆံ၊ အလှန်ဖန်ဆင်းအပ်သော
လက်နက်နှင့်တကွ ဖြစ်သော၊ ဗာဟု သဟဿံ၊ တထောင်
သော လက်ရုံးရှိထသော၊ ယောရုံ၊ကြမ်းထန်းစွာထသော၊
သသေနမာရုံ၊ စစ်သည်နှင့်တကွသော မာရ်နတ်သားကို၊
ဒါနာဒိဓမ္မဝိဓိနာ၊ ဒါနပါရမီအာစရိသော တရား၊တော်မြတ်

www.dhammadownload.com

အစီအရင်ဖြင့်။ ဇီတဝါ၊ အောင်တော်မူလေပြီ၊ တ
တေဇသာ၊ မာရ်နတ်သားကို အောင်တော်မူသော ထို
မြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ၊ အကျွန်ုပ်
အား။ အင်္ဂ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာ
ထည်။ ဘဝတု၊ ဖြစ်စေသတည်း။

၂။ ယောမုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။
မာရာတိရေကံ၊ မာရ်နတ်သားထက် အလွန်း သဗ္ဗရတ္တိ၊
ညဉ့်သုံးယာမ်းတိုင်လုံး။ အဘိယုဇ္ဈိတံ၊ အလွန် စစ်ထိုးနှိုင်
ထသော။ ဃောရံ၊ ကြောက်မက်ဘွယ်ရှိထသော။ အက္ခမံ၊
သူတပါးတို့သည် သည်းခံနိုင်ခဲလှသော။ထဒ္ဓံ၊ ကြမ်းတန်း
ခက်မာစွာထသော။အာဠဝကံ၊အာဠဝကအမည်ရှိသော၊
ယက္ခံပန၊ ဘီလူးကိုကား။ ခန္ဓီသုဒန္တဝိဓိနော၊ သည်းခံတော်
မူခြင်း ဥကာင်းစွာ ယဉ်ကျေးစေတော်မူခြင်းတည်း
ဟူသော အစီအရင်ဖြင့်။ ဇီတဝါ၊ အောင်တော်မူလေပြီ။
တံ တေဇသာ၊ အာဠဝကဘီလူးကို အောင်တော်မူသော
ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ၊ အကျွန်ုပ်
အား။ အင်္ဂ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာ
သည်။ ဘဝတု၊ ဖြစ်စေသတည်း။

၃။ ယောမုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်၊ ဒါဝဂ္ဂိ
စက္ကမသနိဝ၊ တောမီး မိုးကြိုးစက်ကဲ့သို့။ သုဒါရုဏန္တံ၊
ထလွန် ကြမ်းကြုတ်စွာထသော၊ ဒုတိယဒ္ဒဘူတံ၊ အလွန်
မုန်ယစ်စွာထသော။နာဠာဂိရိံ၊ နာဠာဂိရိအမည်ရှိသော၊
ဂဇဝရံ၊ မြတ်သောမင်းစီးဆင်ကို၊ မေတ္တာမ္ဗု သောဇိန်နော၊

www.dhammadownload.com

မေတ္တာတော်ရေကို သွန်းခြင်းတည်း ဟူသော အစီအရင်ဖြင့်၊ ဇီတဝါ၊ အောင်တော်မူလေပြီး တံတေဇသာ၊ နာဥဉာဂိရိဆင်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ၊ အကျွန်ုပ်အား။ အဂ္ဂ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၄။ ယောမုနိန္ဒော၊ အကြင်မြတ်စွာဘုရားသည်၊ ဥက္ခိတ္တ ဧဂ္ဂ မဘိဟတ္ထဆုဒါရုဏာန္တ ၊ ချိအပ်သောသန်လျက် လက်၌ ရှိသည်ဖြစ်၍ အလွန်ကြမ်းကြုတ်စွာထသော၊ တိယောဇန ပထံ၊ သုံးယူဇနာရှိသော ဧရိုးကို။ ဓါဝံ၊ တဟုန်တည်း ပြေးစွမ်းနိုင်ထသော၊ အင်္ဂုလိမာလဝန္တ ၊ လက်ညှိုးတည်း ဟူသော ပန်းရှိသော ခိုးသူကို။ ဣဒ္ဓိဘိသင်္ခတမနော၊ တန်ခိုးတော်အား ဖြင့် ဖန်ဆင်းအပ်သော နှလုံးတော်ရှိသည်ဖြစ်၍၊ ဇီတဝါ၊ အောင်ဘော်မူလေပြီး တံတေဇသာ၊ အင်္ဂုလိမာလ အမည်ရှိသော ခိုးသူကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်၊ မေ၊ အကျွန်ုပ်အား။ အဂ္ဂ၊ မြတ်သော။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု ဖြစ်စေသတည်း။

၅။ ယောမုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်၊ ကဋ္ဌ၊ သစ်သားကို။ ဂဒ္ဒိနိယံ၊ ကိုယ်ဝန်ဆောင်သော။ ဥဒရံဂ္ဂဝ၊ ဝမ်းကဲ့သို့။ ကတ္ဘာန၊ ပြုလတ်၍။ ဇနကာယမဇ္ဈေ၊ တရားနာပရိသတ်ဖြစ်သော လူ့ရဟန်း အပေါင်းတို့ အလယ်၌၊ ဧဉ္ဇာယ၊ စဉ္ဇမာဏဝိကာ အမည်ရှိသော မိန်းမည၏၊ ဒဋ္ဌဝစနံ၊ စွပ်စွဲသောအား ဖြင့် ဖျက်ဆီးသော စကားကို၊

www.dhammadownload.com

သန္တေန၊ ငြိမ်သက်စွာသော၊ သောမဝိနာ၊ ဖြူစင်စွာသော အစီအရင်ဖြင့်။ ဖိတဝါ၊ အောင်တော်မူလေပြီ။ တံ တေဇသာ၊ စိဉ္ဆမာဏဝိကာ အမည်ရှိသော မိန်းမည်စ်၏ စွပ်စွဲသောအားဖြင့်ဖျက်ဆီးသောစကားကို အောင်တော် မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော၊ ဇယမင်္ဂလံ၊ အောင်ခြင်း၊ မင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၆။ ယောမုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ သစ္စံ၊ မှန်သောစကားကို။ ဝိဟာယ၊ စွန့်၍။ အဘိသစ္စကဝါဒ ကေတုံ၊ မမှန်သည်ကို မှန်သည်ဟုဆိုအပ်သော ဝါဒတည်း၊ ဟူသော မှန်ကင်း၍ထသော။ ဝါဒါဘိရောပိတမနံ၊ မိမိ ဝါဒဖြင့် သူတပါးတို့အား နှိပ်နင်းလိုသောစိတ်ရှိထသော။ အတိအန္ဓဘူတံ၊ အလွန် မိုက်လှစွာသော ကူဋဒန္တ အမည် ရှိသော သစ္စကပရိဗိုဇ်ကို။ ပညာပဒီပ ဇလိတာ၊ ပညာ တော် တည်းဟူသော ဆီမီးတန်ဆောင်ကို ညှိထွန်းတော် မူသည်ဖြစ်၍။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံ တေဇ သာ၊ ကူဋဒန္တ အမည်ရှိသော သစ္စကပရိဗိုဇ်ကို အောင် တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အကျွန်ုပ်အား။ အဂ္ဂံ၊ မြတ်သော၊ ဇယမင်္ဂလံ၊ အောင် ခြင်း၊ မင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

၇။ ယောမုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ ဝိဝိဓံ၊ ဇေတ္တဝနာဒိအပြားပြားရှိသော။ မဟိဒ္ဓိံ၊ ကြီးသော တန်ခိုး ရှိသော။ နဒန္ဒဝပနန္ဒဘုဇင်္ဂံ၊ နန္ဒဝပနန္ဒ အမည်ရှိသော နဂါးမင်းကို။ ထေရဘူဒေဂဂေနှ၊ ကြီးမြတ်သောနဂါးမင်း၊

www.dhammadownload.com

ဖြစ်တော်မူသော။ ပုတ္တောနှ၊ သားတော် အရှင်မောဂ္ဂလာန်ကို။ ဓနဉာပယဇာတ်တော်၊ အခိုးအလှူတို့ကို ထွက်ဆေလျက်။ ဤဒုပဒေသဝိဓိနှ၊ တန်ခိုးတော် ဖန်ဆင်းခြင်းငှ် နည်းညွှန်ညွှန်ပဒေကိုပေးသော အစီအရင်ဖြင့်၊ ဇာတပေါ်မူလေပြီ။ တံ တေဇသာ၊ နန္ဒောပနန္ဒအမည်ရှိသော နဂါးမင်းကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အက္ခန်ုပ်အား၊ အဂ္ဂ၊ မြတ်သော၊ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဘဝတု၊ ဖြစ်ရသတည်း။

၇။ ယောမုနိန္ဒော၊ အကြင် မြတ်စွာဘုရားသည်။ ဒုဂ္ဂါဟဒိဋ္ဌိဘုဇင်္ဂနှ၊ မကောင်းသော အယူမိစ္ဆာတည်းဟူသော မြွေသည်။ သုဒ္ဒဟတ္ထံ၊ ပြင်းစွာကိုက်အပ်သော လက်ရှိထသော။ သုတံ၊ ကျော်စောစွာထသော။ ဇုတိမဟိဒ္ဓိံ၊ တောက်ပသော ကြီးသောတန်ခိုး ရှိထသော။ ဗကာဘိဓါနံ၊ ဗက အမည်ရှိသော။ ဗြဟ္မံ၊ ဗြဟ္မာမင်းကို။ ဉာဏဂဒေန၊ ဉာဏ်တော်တည်းဟူသော အဆိပ်ကို မျောက်တတ်သော ဆေးဟုဆိုအပ်သော။ ဝိဓိနာ၊ အစီအရင်ဖြင့်။ ဇိတဝါ၊ အောင်တော်မူလေပြီ။ တံ တေဇသာ၊ ဗက အမည်ရှိသော ဗြဟ္မာမင်းကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်အားဖြင့်။ မေ၊ အက္ခန်ုပ်အား၊ အဂ္ဂ၊ မြတ်သော၊ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဘဝတု၊ ဖြစ်စေသတည်း။

အပြင်အောင်ခြင်းရှစ်ပါး အနက် ပြီး၏။

---o---

www.dhammadownload.com

အတ္ထင်းဖအောင်ခြင်းရှစ်ပါးပါဠိ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၁။ အဝိဇ္ဇာအဏ္ဍ ကောသမ်ိ၊ သတ္တေ တဏ္ဟာဇလာဟုဇေ။
တမ္ပာဠာနာ နိက္ခာမေသိ၊ ဒေဿနာဉာဏ တေဇသာ။
ဇေတေန သစ္စဝင်္ဆေန၊ ဖောတု မေ ဇယ မင်္ဂလံ။

၂။ မဟာမောဟန္ဓကာရေန၊ အဘိဘူတေ မဟာဇနေ။
ပညာစက္ခံ၊ လဘာပေသိ၊ ဉာဏာ ဓလာကေန
သောဇိနော။ ဇေတေန သစ္စဝင်္ဆေန၊ ဟောတု မေ
ဇယ မင်္ဂလံ။

၃။ ရာဂါဒိ အဂ္ဂိ ဇာလေဟိ၊ ဒုဗ္ဘ ကာယံ မဟာဇနံ။
နိဗ္ဗာပေသိ နရ နာထော၊ အဒ္ဒမဂ္ဂင် ဝရိနာ။
ဇေတေန သစ္စဝင်္ဆေန၊ ဟောတု မေ ဇယ မင်္ဂလံ။

၄။ စတုယောယေဟ် ဝုယ္ဘန္တေ၊ ဂမ္ဘီရေ သံသာရဏ္ဏဝေ။
ဥတ္တာရေသိ မဟာဝီရော၊ ဓမ္မနာဝါယ နာယကော။
ဇေတေန သစ္စဝင်္ဆေန၊ ဟောတု မေ ဇယ မင်္ဂလံ။

၅။ သံသာရ စာရကံ လောကံ၊ နိစ္စံ ဒုက္ခေန ပီဠိတံ။
နိဗ္ဗာန ပုရံ ပါပေသိ၊ ယာနတ္တယေန သော ဇိနော။
ဇေတေန သစ္စဝင်္ဆေန၊ ဟောတု မေ ဇယ မင်္ဂလံ။

၆။ ကဒ္ဒမုခါဒိ သပ္ပေဟိ၊ ဒုဋ္ဌကာယံ မဟာဇနံ။ နိဗ္ဗာပေသိ
မဟာဓီရော၊ နာထော တိလောက ဝေဒ္ဓကော။
ဇေတေန သစ္စဝင်္ဆေန ဟောတု မေ ဇယ မင်္ဂလံ။

www.dhammadownload.com

၇။ သံသာရ ဒုက္ခကန္တာရာ၊ ကိလေသစောရ ပိဋိတံ။
ခေမန္တဘူမိံ တာရေသိ၊ သတ္တဝါဟော ဝိနာယကော။
ဇေတန သစ္ဆဝင်္ဂေန၊ ဟောတု မေ ဇယ မင်္ဂလံ။

၈။ ပဋ္ဌာလိသ ဝဿာနံ၊ ဌတွာ လောက် သဒေဝကံ။
ပိဝယိတွာ ဓမ္မရသံ၊ နိဗ္ဗုတော သော သဿဝကော။
ဇေတန သစ္ဆဝင်္ဂေန၊ ဟောတု မေ ဇယ မင်္ဂလံ။

.....o.....

အတွင်းအောင်ခြင်း ရှစ်ပါးအနက်

၁။ အဝိဇ္ဇာအဏ္ဍကောသမ်ဳိ၊ အဝိဇ္ဇာ တည်းဟူသော ဉဒ္ဓံတွင်း၌။ တဏှာဇလာဗုဇော၊ တဏှာ တည်းဟူသော သားအိမ်၌ဖြစ်ကုန်ဓသာ။ သတ္တ၊ သတ္တဝါတို့ကို။ ဒေသနာ ဉာဏတေဇသာ၊ ဒေသနာဉာဏ်တည်းဟူသော တန်ခိုးဖြင့်။ တမှာဌာနာ၊ ထိုအဝိဇ္ဇာဉဒ္ဓံ, တဏှာသားအိမ်အရပ်မှ။ နိက္ခာမေသိ၊ ထုတ်ဓမြောက်ဓစဓတော်မူပြီ။ ဇေတန သစ္ဆဓဝင်္ဂေန၊ ဤသို့ဓသော သစ္စာစကား၊ကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဇဟောတု၊ ဖြစ်ပါစေသတည်း။

၂။ သောဇနော၊ ထိုမြတ်စွာဘုရားသည်။ ဉာဏာလောကေန၊ဉာဏ်တော်တည်းဟူသောအလင်း၊ရောင်ဖြင့်။ မဟာမောဟန္ဓကာဓရေန၊ကြီးစွာသော အဝိဇ္ဇာတိုက်တည်းဟူသော မောဟသည်။ အတိဘူတော၊ အလွန်နှိပ်စက်အပ်ကုန်သော။ မဟာဇနသတ္တော၊ များစွာကုန်သော သတ္တဝါဘို့ကို။ ပညာစက္ခုံ၊ ပညာတည်းဟူသော စက္ခုံကို။ လဘာဓပေသိ၊ ရစေတော်မူပြီ။ ဇေတန သစ္ဆဝင်္ဂေန၊ ဤသို့သော

www.dhammadownload.com

ဆစ္စာစကားကြောင့်။ မေ၊ အက္ခန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်း မင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၃။ နရနာထော၊ လူသုံးပါးတို့၏ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ရာဂါဒိ အင်္ဂိဇာလေဟိ၊ ရာဂ အစရှိသော မီးလျှံတို့ဖြင့်။ ဥဒုကာယံ၊ ပူလောင်သောကိုယ် ရှိသော။ မဟာဇနံ၊ များစွာသော သတ္တဝါကို။ အဋ္ဌမဂ္ဂင် ဝါရိနာ၊ မဂ္ဂင်ရှစ်ပါးတည်းဟူသောရေစင်ဖြင့်။ နိဗ္ဗာပေသိ၊ ငြိမ်းစေတော်မူပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာ စကားကြောင့်။ မေ၊ အက္ခန်ုပ်အား။ ဇယမင်္ဂလံ၊ အောင် ခြင်း မင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၄။ မဟာဝီရော၊ ကြီးမြတ်သောလုံ့လရှိတော်မူသော။ နာယကော၊ လူသုံးပါးတို့ကို နိဗ္ဗာန်သို့ ပို့ဆောင်တော် မူတတ်သော မြတ်စွာဘုရားသခင်သည်။ ဂမ္ဘီရော၊ နက်စွာ သော။ သံသာရဏ္ဏဝေ၊ သံသရာတည်းဟူသော သမုဒ္ဒရာ၌။ စတုရောဃေဟိ၊ လေးပါးသော အယဉ်တို့ဖြင့်။ ဝုယ္ဟန္တေ၊ မျောကုန်သော သတ္တဝါတို့ကို။ ဓမ္မနာဝဓိယ၊ တရား တည်းဟူသော လှေဖြင့်။ ဥတ္တာရေသိ၊ ကယ်တင်တော်မူပြီ။ ဧတေန သစ္စဝဇ္ဇေန၊ ဤသို့သော သစ္စာစကား ကြောင့်။ မေ၊ အက္ခန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည် ဟောတု၊ ဖြစ်ပါစေသတည်း။

၅။ ယောဇိနော၊ ထိုမြတ်စွာဘုရားသည်။ သံသာရ စာရကံ၊ သံသရာ၌ ကျင်လည်ထသော၊ ဒုက္ခေန၊ ဇာတိ ဇာစရှိသော ဒုက္ခဖြင့်။ နိစ္စံ၊ အမြဲ၊ ပီဠိတာ၊ နှိပ်စက်အပ်

www.dhammadownload.com

ထဒေသာ။ လောကံ၊ လူအပေါင်းကိုးယာနတ္တယေန၊ယာဉ်သုံးပါးတို့၏ အပေါင်းဖြင့်။ နိဗ္ဗာနပုရံ၊ နိဗ္ဗာန်ပြည်မြတ်သို့ပါ၌ပသိ၊ ရောက်စေတော်မူပြီ။ ၎င်းတေန သစ္စဝင်္ဂေန၊ ဤသို့သော သစ္စာစကားကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

၃။ မဟာဓိရော၊ ကြီးမြတ်သော ပညာရှိတော်မူထသော။ တိလောက ဝေဇ္ဇကော၊ လူသုံးပါး၏ ဆေးသမားသဘွယ် ဖြစ်တော်မူထသော။ နာဇော၊ မြတ်စွာဘုရားသည်။ ကဋ္ဌမုခါဒိ သပ္ပေဟိ၊ ကဋ္ဌမုခ·အစရှိသော မြွေလေးစင်းတို့သည်။ ဥဋ္ဌကာယံ၊ ကိုက်အပ်သော ကိုယ်ရှိသော။ မဟာဇနံ၊ များစွာသော သတ္တဝါကို။ နိဗ္ဗာပေသိ၊ ငြိမ်းဖစေတော်မူပြီ။ တေန သစ္စဝင်္ဂေန၊ ဤသို့သော သစ္စာစကား၊ ကြောင့်။ မေ၊ အကျွန်ုပ်အား။ ဇယမင်္ဂလံ၊ အောင်ခြင်းမင်္ဂလာသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

